

# မိုးကုတ်ပိဋကတ်တိုက်ကျောင်းတော်
# အလှူရေစက်ချအခမ်းအနား
# အထိမ်းအမှတ်

၁-၁-၂၀၀၅

မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော

# ဒိဋ္ဌိမပြုတ်ရင် ပထမနိဗ္ဗာန်မရ

## ယမကာရဟန်း

၂၅၃

ဟောကြားသည့်နေ့

၁၉-၅-၆၂

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ဒိဋ္ဌိမပြုတ်ရင် ပထမနိဗ္ဗာန်မရ

## (ယမကရဟန်း)

ဟောကြားသည့်နေ့
(၁၉-၅-၆၂)

## အဂ္ဂမဟာပဏ္ဍိတ
## မိုးကုတ်ဆရာတော်ဘုရားကြီးအပေါ်
## ကျေးဇူးရှင်မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး၏
## သဘောထားမှတ်ချက်

၁။ ကောဇာသက္ကရာဇ် ၁၃၃၇ ခု၊ တပေါင်းလပြည့်ကျော် (၁)ရက်နေ့ (၁၉၆၇ ခု၊ မတ်လ)ညတွင် ရန်ကုန်မြို့သာသနာ့ရိပ်သာ ဖန်ဃဉ်ဓမ္မာရုံကြီး၌ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင်ချုပ်ကျေးဇူးရှင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ ဟောကြားတော်မူခဲ့သော တရားတော်မှ ဖြစ်ပါသည်။

မန္တလေးမှာ ဘုန်းကြီးများနဲ့ ရင်းနှီးတဲ့ ဒကာတစ်ယောက်နဲ့ စကားပြောကြတဲ့အခါကျတော့ - ဆရာတော်တဲ့၊ တပည့်တော် တရားပွဲစုံစုံရောက်ဖူးတယ်တဲ့၊ ပြောစမ်းပါဗျာ ဘယ်တရားပွဲတွေလဲ?။

ဟာ . . . ဆရာကြီး ဦးလှသိန်းတရားပွဲကိုလည်းရောက်တယ်၊ ဘာတွေတွေ့သတုံးဗျာ . . . ? ဟာ . . . ပရိသတ်ကတော့၊ ပြ(၄)ပြလောက် ပရိသတ်ကိုတွေ့တယ်၊ ပြီးတော့ကောဗျာ . . . ?

ဒေါ်အေး အေးကြွ ၉ ဓါ ဝမ္မ ဒါနဲ

ပြီးတော့ ဝိဇ္ဇောရဆရာတော်တို့ အနီးစခန်း ဆရာတော်တို့ တရားပွဲတွေ တပည့်တော်ရောက်တယ်၊ အဲ့ဒီကျ တော့ မဏ္ဍာပ်တစ်လုံးပဲ၊ မဏ္ဍာပ်လျှံရုံပဲရှိတယ်။ ပြီးတော့ ကောဗျာ . . . ?

အဲဒီတုန်းကတော့၊ မိုးကုတ်ဆရာတော်က မန္တလေးမှာ စခါစရှိသေးတယ်၊ မိုးကုတ်ဆရာတော်ရဲ့ တရားပွဲကို အောင်တော်မူမှာတပည့်တော်သွားပြီး တရားနာတယ်ဘုရားတဲ့၊ (၁၅)ယောက်၊ အယောက်(၂၀)လောက်ပဲရှိတယ်။

ပြီးတော့ကော ကိုခင်မောင်လို့ ဆိုတော့၊ တပည့်တော် အဲ့ဒီလောက်ပဲ ရောက်ဖူးတယ်တဲ့၊ ပြီးပြီလား . . . ?၊ ပြီးပါပြီ ဘုရားတဲ့။

အေး. . . ကောင်းပြီ၊ ဆရာကြီးဦးလှသိန်းက တရားဟော လိုက်တယ်ဆိုရင် ပရိသတ်ရဲ့ အကဲကိုတယ်ပြီးသိတာကိုး၊ ဒီပရိသတ်ခြောက်သွေ့နေတယ်ဆိုရင်၊ ဒီကနေပြီးတော့ ခမ္ဘသံဝေဂ လေးချိုးကြီးများ ရွတ်ပြီးတော့ ပေးလိုက်တဲ့အခါ ကျတော့၊ ဟို . . . ရုပ်ရှင်သွားမယ့်လူတွေရော၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲသွားမယ့်လူတွေရော၊ သူတို့နားထောင်ချင်တာ၊ ဒီမှာ ရှိတယ်ထင်ပြီးတော့၊ အဲ့ဒီ (၄)ပြပေါက်လောက်ရှိလာတာပဲဗျ။

တရားပွဲပြီးတဲ့အခါကျတော့၊ ရုပ်ရှင်သွားမယ့်လူတွေက လည်း၊ နောက်ရုပ်ရှင်သွားမြဲသွားတယ်၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲ ကိုလည်း သွားမြဲသွားတယ်။

တရားနာရကောင်းစေလို့၊ သိလာတဲ့လူ၊ မဏ္ဍပ်တစ်လုံး စာကတော့ ဝိဇ္ဇောစာရ ဆရာတော်တို့၊ အနီးစခမ်း ဆရာတော်တို့ ၊ ဘုန်းကြီးတို့တရားပွဲတွေမှာ နာတာပေါ့။

အဲ့ဒီတရားပွဲမှာလည်း၊ ဘုန်းကြီးတွေက အလှူဆိုအလှူပွဲနဲ့တန်အောင် ဥပုသ်ဆို ဥပုသ်တရားနဲ့တန်အောင် သင့်လျော်အောင် တရားတွေ ရွေးပေးပြီးတော့ အမျိုးမျိုးဟောရတယ်။

တရားနာတဲ့ပရိသတ်က၊ ဟာ . . . တို့တော့တရားအားထုတ်မှဖြစ်မယ် ဒီတော့တရားသက်သက်ကို အားထုတ်ချင်တယ်ဆိုတော့၊ ထိုထိုကမ္မဋ္ဌာန်းဌာနတွေ၊ ရိပ်သာတွေမှာသွားပြီး တရားအားထုတ်ကြလို့၊ မဏ္ဍပ်ကြီး တစ်လုံးထဲက ဆန်ခါတင်လူတစ်ရာလောက်ပေါ့ဗျာ၊ အဲ့ဒီလိုရိပ်သာသွားကြတယ်။

တစ်ခါရိပ်သာကျပြန်တော့လည်းပဲ၊ ကျင့်စဉ်အတိုင်း ကျင့်လို့ ပြီးပြီဆိုတော့၊ ဈေးရောင်းတဲ့ပုဂ္ဂိုလ်ကလည်း ဈေးပြန်ပြီးရောင်း၊ ပုတီးလေးနဲ့ပေါ့။

သို့သော် တချို့ကတော့၊ ဈေးကိုမရောင်းချင်တော့ဘူး၊ တစ်ခါတည်းဆက်ပြီးတော့ တရားနဲ့ပဲ၊ နှလုံးသွင်းချင်တဲ့ ပုဂ္ဂိုလ်က ဘယ်သွားပြန်သတုံးဆိုတော့ ဆရာတော်ဦးဝိမလဆီသွားတာပေါ့၊ အဲဒီလို (၁၅)ဦး၊ ဦး(၂၀)ဖြစ်တာပေါ့။

သို့သော် ကိုခင်မောင်ကို ဘုန်းကြီးပြောချင်တယ်ဆိုတော့ . . . ဘယ်လိုတုံးဘုရားတဲ့။

(ဃ)

အေး . . . စာပေ ပရိယတ္တိနဲ့ နေကြတဲ့ မိုးကုတ် ဆရာတော်ဦးဝိမလတို့ နှလုံးသွင်းပုံဟာ၊ အဲဒီပရိသတ်ကို ဟောတဲ့ တရားအထက်နားမှာ၊ တစ်ထွာလောက်၌ ရှိတယ်လို့ မှတ်ပြီး ထားစေချင်တယ်။

ဆရာတော် ဘာပြောတာလည်းဘုရား . . ?၊ ဟာ . . စာပေနဲ့နေတဲ့ပုဂ္ဂိုလ်များက တရားနှလုံးသွင်းတယ်ဆိုတာ ဟာ အခုပြောသလိုပဲ ကမ္မဋ္ဌာန်းစီးဖြန်းတော့ . . . စက္ခုံအနိစ္စံ ဒုက္ခံ အနတ္တံ၊ နေတံမမ၊ နေသောဟမသ္မိ၊ နမေသောအတ္တာ၊ သောတံကာယံ ဇိဝှာကာယော မနောအနိစ္စော ဒုက္ခော၊ အနတ္တာ နေတံမမ နေသောဟမသ္မိ၊ နမေသောအတ္တာ၊ (မိုးကုတ် ဆရာတော် ဦးဝိမလက) ပါဠိကိုသိသကိုးဗျ . . . ။

ဒီလိုသိတော့ သူက ပါဠိက ရွတ်လို့လည်းပဲ၊ သဘာဝ ဝိယုတ္တိဆိုတာ အရသာတစ်မျိုးရှိတယ်၊ ဓမ္မပီတိလည်းဖြစ်တယ်၊ ဒီဓမ္မရသအတ္ထရသ ပါဠိကပိုပြီး အရသာပေါ်တယ်။

အဲဒါကြောင့် စာချတဲ့ဆရာတော်တွေ နှလုံးသွင်းတာက ဆရာတော်ဦးဝိမလက လူတွေကို နှလုံးသွင်းခိုင်းတာရဲ့ အထက် နားတစ်ထွာလောက်မှာ ရှိတယ်၊ မိုးကုတ်ဆရာတော်က။

၂။ ကောဇာသက္ကရာဇ် ၁၃၃၉ ခု၊ နယုန်လပြည့်ကျော် (၁၃)ရက် (၁၃-၆-၁၉၇၇) တနင်္လာနေ့ ည(၇)နာရီတွင် ကြို့ပင်ကောက်မြို့၊ မဟာလောကသိရီဘုရားကြီး သံတန်ဆောင်းအတွင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်၊ ကျေးဇူးရှင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဟောကြားတော်မူခဲ့သော တရားတော်မှ ဖြစ်ပါတယ်။

တရားနာပရိသတ်က အကြိုက်(၅)မျိုးရှိကြတယ်၊ ဘယ်သူတွေလည်းဆိုတော့။

၁။ သဒ္ဒပသန္နဆိုတာ အသံကောင်းတာကိုမှကြည်ညိုတာ၊ အသံနေအသံထားကြည်ညိုတဲ့ ပရိသတ်ပေါ့။ နိဗ္ဗာန်မင်ဖိုလ်တော့၊ မရနိုင်ပါဘူး။

၂။ ရူပ ပသန္နဆိုတာ ရုပ်ရေအဆင်းကိုကြည်ညိုတာ၊ ဓမ္မကထိက ကိုယ်တော်ရဲ့ ရုပ်ဆင်းအင်္ဂါ၊ ဥပဓိရှိတာကိုကြည်ညိုတဲ့ပရိသတ်၊ သူလည်းမဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ပါဘူး။

၃။ ဂုဏပသန္နဆိုတာ ဂုဏ်ရှိတဲ့ ဓမ္မကထိကကိုမှကြည်ညိုတာ၊ ဘုန်းကြီးကိုပဲ ဆိုကြပါစို့၊ ဒီဘုန်းကြီးက တိပိဋကဓရတဲ့၊ အင်မတန်ဂုဏ်ရှိတယ်ဆိုပြီး ကြည်ညိုတဲ့ပရိသတ်၊ ဒီပရိသတ်မျိုးလည်း မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ပါဘူး။

၄။ လူခ ပသန္နဆိုတာ ခြိုးခြိုးခြံခြံ အကျင့်ရှိသူကိုမှ ရွေးပြီး

ကြည်ညိုတာ၊ ဒီပရိသတ်မျိုးလည်း မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ဘူး။
၅။ ဓမ္မပသန္နဆိုတာ တရားဓမ္မသက်သက်ကို ကြည်ညိုတာ။ အဲ့ဒါမျိုးကျတော့ အသံကိုလည်း ပဓာနမထား၊ ရုပ်အဆင်းကိုလည်းမကြည့်၊ ဂုဏ်ကိုလည်းမငဲ့၊ ခေါင်းခေါင်ပါးပါးအကျင့်ကိုလည်း ဂရုမစိုက် ဓမ္မသက်သက်ကိုသာ ကြည်ညိုတဲ့ပရိသတ်မျိုး၊

အဲ့ဒီပရိသတ်မျိုးသာလျှင် ဒီဘဝမှာ တရားထူးရနိုင်တယ်တဲ့။

အဲဒီ ဓမ္မပသန္နပရိသတ်ဆိုတာကတော့ ဦးရေနည်းပါးလှပါတယ်။ အခုခေတ်ဥပမာပြရမယ်ဆိုရင် မိုးကုတ်တရားနာပရိသတ်တို့ကိုပဲပြရမှာပဲ။

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ၊ အဲဒီဆရာတော်ကြီး ဟောပြတဲ့ ဓမ္မတို့ကတော့၊ အလွန်အင်မတန်မှ ပီသလှပါပေတယ်၊ တစ်ထိုင်တည်းနဲ့ နိဗ္ဗာန်အရောက် ဦးတည် ပို့ပေးနိုင်တဲ့တရားတော်များလည်းဖြစ်ပါတယ်။

အဲဒီတရားတော်များကို ကြည်ညိုတဲ့ ပရိသတ်မျိုးမှပဲ ဓမ္မပသန္နပရိသတ်မျိုးလို့ ချီးကျူးကြရမှာပဲ။

ပြီးတော့ မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ ဟောတဲ့တရားတော်များကလည်း။ ဘုန်းကြီးတို့ရဲ့ ခေါင်းပေါ် နှစ်တောင်လောက်ကျော်ပြီးသွားတဲ့တရားများ။

ဘာကြောင့်လဲဆိုတော့ ဘုန်းကြီးတို့ အခုပိဋကတ်သုံးပုံကို ဆောင်နိုင်နေတယ်၊ သိနေတယ်ဆိုတာက ဘယ်စာမျက်နှာ

မှာ ဘယ်အကြောင်းအရာတွေပါတယ်ဆိုတာ မှတ်ထားတာ သညာနဲ့ မှတ်တာပေါ့။

မိုးကုတ်ဆရာတော်ကြီးကတော့ ခန္ဓာကိုယ်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာကို ပညာဉာဏ်နဲ့ ထိုးဖောက်ပြီး သိတာ၊ ပညာသိ၊ သိတာ။

၃။ ၁၉၈၂ ခုနှစ်ခန့်က မြစ်ဝကျွန်းပေါ်ဟင်္သာတမြို့၌ ကျွန်တော်တာဝန်ကျစဉ် ဆန်စက်ပိုင်ရှင်တစ်ဦးသည် မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီး ကြွရောက်လာသောအခါ ဆရာတော်အား မေးခွန်းတစ်ပုဒ်မေးမြန်းလျှောက်ထားခဲ့ပါသည်။

**အမေး** "အရှင်ဘုရား မိုးကုတ်ဆရာတော်ကြီး မြန်မာလို ဟောကြားထားသော တရားတော်များသည် မြတ်စွာဘုရား ဟောကြားသော တရားတော်စစ်စစ်ဟုတ်ပါရဲ့လားဘုရား"ဟု လျှောက်ထားပါသည်။

**အဖြေ** မင်းကွန်းဆရာတော်ဘုရားက ဖြေကြားတော်မူသည်မှာ "ဒကာကြီး မိုးကုတ်ဆရာတော်ဦးဝိမလဟောကြားထားသော တရားတော်များထဲမှ ဒကာကြီး သံသယရှိတဲ့၊ မမှန်ကန်ဘူးလို့ ထင်တဲ့တရားတော်ကို ရွတ်ပြပါတဲ့ . . . ?။ ဘုန်းကြီးက ဘုရားဟောတရားတော် ပါဠိတော်၊ စစ်စစ်ဖြစ်

ကြောင်း ကျမ်းဂန်အကိုးအကားထုတ်ပြပါ့မယ့်" ဟု ဖြေကြားတော်မူခဲ့ပါသည်။

❂ ❂ ❂ ❂ ❂

## ၄။ မိုးကုတ်ဆရာတော်ဘုရား၏ ဆုံးမစကား

မိုးကုတ်မြို့တွင် မိုးကုတ်ဆရာတော်ဘုရားသီတင်းသုံးနေစဉ်၊ မန္တလေးမြို့ ရဟန်းပျိုအဖွဲ့မှ သံဃာတော်တချို့ မိုးကုတ်မြို့သို့ ကြွလာကြပြီး ကန့်ကွက်ဆန္ဒပြကြပါသည်။ ထိုအခါ မိုးကုတ်မြို့သူမြို့သားများက မခံမရပ်နိုင်ဖြစ်နေကြသဖြင့် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ဥက္ကဋ္ဌကြီးဦးမြင့်နာယက၊ ကျောင်းအစ်မကြီးဒေါ်သန်းသန်းတို့က ဆရာတော်ထံလျှောက်ထားရာ၊ ဆရာတော်ဘုရားက ဒီကိစ္စမင်းတို့လုပ်တာလား၊ သူတို့လုပ်တာလားလို့မေးရာ၊ သူတို့လုပ်တာပါဘုရားဟု ဖြေကြားပါသည်။

ထိုအခါဆရာတော်ဘုရားက မင်းတို့ဟာ သူများရဲ့ကုသိုလ်ကိုတော့ ကိုယ့်ကုသိုလ်ဖြစ်အောင် မယူတတ်ဘူး၊ သူများရဲ့ အကုသိုလ်ကို ကိုယ့်အကုသိုလ်ဖြစ်အောင်တော့ယူတတ်တယ်၊ မင်းတို့ဟာ မင်းတို့နေတတ်အောင်နေပါ၊ မင်းတို့နဲ့မဆိုင်ဘူး၊ ကိုယ့်အကုသိုလ်မဖြစ်စေနဲ့ဟု ဆုံးမစကားမိန့်ကြားတော်မူခဲ့ပါသည်။

သူတော်ကောင်းရတနာ (၇)ပါးပြည့်ဝကြပါစေ . . .

၁၂-၁၂-၂၀၀၄ ဆရာဦးစောလှိုင်

အတွင်းရေးမှူး

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားဆုံးမတော်မူသော

# သစ္စာလေးပါး တရားတော်
# ဒိဋ္ဌိမပြုတ်ရင် ပထမနိဗ္ဗာန်မရ
## (ယမကရဟန်း)

ဟောကြားသည့်နေ့ ( ၁၉-၅-၆၂ )

ပထမနိဗ္ဗာန်ကို ဒကာ ဒကာမတွေ၊ ပထမနိဗ္ဗာန်သည် အပါယ်လေးပါးတံခါးပိတ်တဲ့ နိဗ္ဗာန်လို့မှတ်ပါ၊ ပထမနိဗ္ဗာန် သည် အပါယ်လေးပါး တံခါးပိတ်တဲ့ နိဗ္ဗာန်လို့မှတ်ထား၊ ပထမနိဗ္ဗာန် ဘယ်လိုမှတ်ကြမတုံး. . . (အပါယ်လေးပါး တံခါးပိတ်တဲ့နိဗ္ဗာန် ပါဘုရား)၊အပါယ်လေးပါး တံခါးပိတ်တဲ့ နိဗ္ဗာန်လို့ ဒကာ ဒကာမ တွေ မှတ်ထားကြပါ။

## ပထမနိဗ္ဗာန်

အဲ့ဒီအပါယ်လေးပါး တံခါးပိတ်တယ်ဆိုရင်ပဲ အေးအေး နေတော့ဆိုတာ ဦးအောင်ဇံဝေ သတိပေး လိုက်တယ် နော်. . . (မှန်ပါ)၊အပါယ်လေးပါးတံခါးပိတ်တဲ့ နိဗ္ဗာန်ဟာ ရှေ့ဦးစွာနိဗ္ဗာန်ပဲ၊ နိဗ္ဗာန်လေးမျိုးရှိတယ်. . . (တင်ပါ)၊ အပါယ်လေးပါးတံခါး ပိတ်တဲ့နိဗ္ဗာန်လည်းရှိတယ်။ အဲ့ဒီ နိဗ္ဗာန်သည် ကားလို့ဆိုရင် (၁)နံပါတ် ပထမနိဗ္ဗာန်လို့မှတ်ထား လိုက်တော့ ဒီနိဗ္ဗာန်မရတာ ဒီဒကာ ဒကာမတွေဘာကြောင့်တုံး၊ အပါယ်လေးပါးတံခါးပိတ် တဲ့ နိဗ္ဗာန်တောင်မရတာ ဘာကြောင့်တုံး မေးဖို့လိုလာတယ်။

## ဒိဋ္ဌိသုံးမျိုး

ဤကဲ့သို့လိုလာတော့ မနေ့ကပြောခဲ့တဲ့. . .

(၁)ရုပ်နာမ် ငါထင်တဲ့ သက္ကာယဒိဋ္ဌိ

(၂) ရုပ်နာမ်ကို ခိုင်မြဲတယ်ထင်တဲ့ သဿတဒိဋ္ဌိ

(၃) ဒီရုပ်နာမ်ချုပ်ပြီးနောက် ရုပ်နာမ်မပေါ်ဘူးလို့ ယူတဲ့ ဥစ္ဆေဒဒိဋ္ဌိ၊ ဒီဒိဋ္ဌိသုံးမျိုး ကြောင့် ပထမနိဗ္ဗာန် မရတာလို့ မှတ်လိုက်. . . (တင်ပါဘုရား)၊ရှင်းကြပလား. . . (ရှင်းပါပြီ ဘုရား)။

ပထမနိဗ္ဗာန်မရတာ ဒိဋ္ဌိဘယ်နှမျိုးပါလိမ့် . . . (သုံးမျိုးပါဘုရား)၊ သုံးမျိုးရှင်းပြပါဦးမယ် ဒကာ ဒကာမတွေ

သေသေချာချာမှတ်ပါ။ ကိုယ့်သန္တာန်မှာရှိတဲ့ ခန္ဓာငါးပါးရယ်။ ရုပ်နာမ်တရားရှိတယ်၊ တစ်ခုခုလေးကို ဘုန်းကြီးကဖြစ်စေ ရှုခိုင်းတယ်။ ရှုခိုင်းတဲ့အခါကျတော့ ဒါလေးဟာငါလေးပဲ ထင်နေလို့ သက္ကာယဒိဋ္ဌိ၊ ငါးလေးထင်နေလို့ရှိရင်လည်းပထမ နိဗ္ဗာန်မရနိုင်ဘူး၊ ဦးအောင်ဇံဝေ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒီရုပ်နာမ်လေးဟာ ခိုင်တယ်မြဲတယ်လို့ ထင်ရင်လည်း ပထမနိဗ္ဗာန်မရနိုင်ဘူး၊ ဒီရုပ်နာမ်ချုပ်သွားရင် နောက်ရုပ်နာမ် မပေါ်ဘူးလို့ယူလိုက်ပြန်လည်းဉစ္ဆေဒဒိဋ္ဌိရှိနေလို့ နိဗ္ဗာန်မရဘူး၊ ပထမနိဗ္ဗာန်ကို. . . (တင်ပါဘုရား)။

## ပထမနိဗ္ဗာန်တားတဲ့ဒိဋ္ဌိ

ပထမနိဗ္ဗာန်တားတဲ့ ဒိဋ္ဌိဘယ်နှစ်မျိုးရှိတုံး. . . (သုံးမျိုးပါဘုရား) မှတ်ထားပါ၊ မှတ်ထားပါ၊ ပထမနိဗ္ဗာန်ထားတဲ့ ဒိဋ္ဌိဘယ်နှမျိုးရှိတုံး. . . (သုံးမျိုးပါဘုရား)၊ သုံးမျိုးရှိတယ် လို့မှတ်ထား. . . (တင်ပါဘုရား)။

ကောင်းပြီ ဒါဖြင့်ဒီသုံးမျိုးကို ဆရာဘုန်းကြီးက ရှင်းပေးလိုက်မယ် ဒီသုံးမျိုးကို ရှင်းပေးလိုက်မယ်ဆိုရင်ဖြင့်တဲ့ ဒီဒကာဒကာမတွေ ပထမနိဗ္ဗာန်မရမခံနိုင်ပါဘူး၊ မုချရရမယ်၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ပထမနိဗ္ဗာန်ကို ကန့်ကွက်နေသော ဒိဋ္ဌိဘယ်နှမျိုးပါ

လိမ့်. . . (သုံးမျိုးပါဘုရား)၊သင်္ခါရဒိဋ္ဌိ၊ ရုပ်နာမ်ငါထင်တဲ့ သင်္ခါရဒိဋ္ဌိနော်. . . (တင်ပါ)၊ရုပ်နာမ်ပေါ်လာတဲ့အခါ မကြည့်တတ်တော့ ခိုင်မြဲတယ်ထင်နေတဲ့ သဿတဒိဋ္ဌိ၊ ရုပ်နာမ် တစ်ခုချုပ်ပြီးသည့် အခြားမဲ့၌ ရုပ်နာမ်တစ်ခု နောက်ထပ်ပေါ်ဇာတာကိုလည်း မသိပြန်လို့ရှိရင်လည်းတဲ့ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သွားသောကြောင့် ဒိဋ္ဌိသုံးမျိုးခံနေလို့ရှိရင်လည်း ပထမနိဗ္ဗာန်တားတယ်လို့ မှတ်ကြစမ်းပါ။

## စာပေကျမ်းဂန်တွေဟာဘုရားတွေပေါ့

ပထမနိဗ္ဗာန်တားတဲ့ ဒိဋ္ဌိဘယ်နှမျိုးပါလိမ့်. . . (သုံးမျိုးပါဘုရား)၊သေသေချာချာမှတ်ပါ၊ပထမနိဗ္ဗာန်တားတဲ့ ဒိဋ္ဌိက ဘယ်နှမျိုးတုံး. . . (သုံးမျိုးပါဘုရား)၊သုံးမျိုး၊ အဲတော့ဆရာဘုန်းကြီးကကွာ. . . ဒါပူမနေပါနဲ့မင်းတို့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးလည်း ရှိပါသေးတယ်ဟ. . . ဘယ်မှာတုံးဘုရား ဥပမာ မောင်မြင့်တို့က မေးလို့ရှိရင် အို. . . ငါဘုရားမရှိသည့်နောက်ကွာ. . . အခုငါဟောထားတဲ့ ကျမ်းဂန်စာပေတွေဟာ ဘုရားတွေပေါ့လို့သူက ညွှန်ထားခဲ့တယ်၊ အဲတော့ဘုရားတွေက ရှိမနေဘူးလား . . . (ရှိနေပါတယ်ဘုရား)။

## နိဗ္ဗာန်တားတဲ့တရားတွေ ငါဖယ်ပေးမယ်

အဲ့ဒီဘုရားတွေကို ဘုန်းကြီးတို့က ဒီတရားတွေလို့ နားလည်ပြီးထားတော့ ဒီဒကာ ဒကာမတွေမှာ ပထမနိဗ္ဗာန် ကန့်ကွက်နေတဲ့ တရားကို ငါဖယ်ပေးမယ်ဆိုပြီး တရားဟော နေတာပဲ. . . (မှန်ပါ)၊ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ပထမနိဗ္ဗာန်ကို ကန့်ကွက်နေတဲ့ တရားဘယ်နှခုရှိ တုံး. . . (သုံးမျိုးရှိပါတယ်ဘုရား)၊သုံးခုရှိတယ်နော်- သက္ကာယ ဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ ဘယ်နှမျိုးပါလိမ့်. . . (သုံးမျိုးပါ ဘုရား)။

## အိပ်ချင်တဲ့ စိတ်ကလေး

ဥပမာခန္ဓာကိုယ်ထဲမှာအိပ်ချင်တဲ့ စိတ်ကလေး ပေါ်လာ တယ်။ ဟာ. . . ငါအိပ်ချင်တယ်ဆိုရင် သက္ကာယဒိဋ္ဌိ. . . (မှန်ပါဘုရား)၊အိပ်ချင်တဲ့ စိတ်ကလေးပေါ်လာတာကို ငါအိပ်ချင် တယ်ဆိုရင်. . . (သက္ကာယဒိဋ္ဌိပါဘုရား)၊ သက္ကာယဒိဋ္ဌိ မှတ်ရ မယ်။

ဒီအိပ်ချင်တဲ့ စိတ်ကလေးကို မပျောက်ဘူး ယူလိုက်လို့ ရှိရင် ဘာဒိဋ္ဌိဆိုကြမတုံး. . . (သဿတဒိဋ္ဌိပါဘုရား)၊သဿ တဒိဋ္ဌိ၊ မပျောက်ဘူးဆိုရင် ခိုင်မြဲနေတာ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။ မပျောက်ဘူးဆိုရင်. . . (ခိုင်မြဲနေပါတယ် ဘုရား)၊ ဒါဘာဒိဋ္ဌိ ဆိုကြမတုံး. . . (သဿတဒိဋ္ဌိပါဘုရား)။

## ဘဝင်စိတ်ဆိုတာ အိပ်တဲ့စိတ်

အိပ်ချင်တဲ့ပိတ်ကလေး ပျောက်ပြီးတော့ နောက်စိတ်မလာတော့ဘူး ယူလိုက်ပြန်ရင်လည်း ဘာဒိဋ္ဌိဆိုကြမတုံး. . . (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)၊နောက်စိတ်လာတာပေါ့ အိပ်ချင်တဲ့ စိတ်ချုပ်ပြီးနောက် ဘဝင်စိတ်ဆိုတာ အိပ်တဲ့စိတ်လာတာ ပဲ. . . (ဘင်ပါ)၊ဒါမသိပြန်လို့ရှိရင်လည်း ဥစ္ဆေဒဒိဋ္ဌိ လာဦးမှာပဲ. . . (တင်ပါဘုရား)။

ဒါဖြင့် ပထမနိဗ္ဗာန်တားတဲ့ ဒိဋ္ဌိဘယ်နှမျိုးရှိတုံး. . . (သုံးမျိုးရှိပါတယ်ဘုရား)၊အဲဒါယနေ့ညကို ဒကာ ဒကာမတွေ အပါယ်လေးပါးတံခါးပိတ်တဲ့ ပထမနိဗ္ဗာန်ကို မရောက်နိုင် တာ သူတို့ကန့်ကွက်တာပဲလို့ ရှင်းလိုက်စမ်းပါ၊ဦးအောင်ဇံဝေ ဘယ်နှမျိုးတုံး ကန့်ကွက်တာ. . . (သုံးမျိုးပါဘုရား)၊သုံးမျိုး၊ နောက်က ဒကာ ဒကာမတွေ ဘယ်နှစ်မျိုးရှိတုံး. . . (သုံးမျိုးပါဘုရား)၊ သုံးမျိုးနောက် ပထမနိဗ္ဗာန်ကန့်ကွက်နေ တာ. . . (သုံးမျိုး)၊ မောင်ဇီဝ ရှင်းပလား တဲ . . .

## သက္ကာယဒိဋ္ဌိ

ပထမနိဗ္ဗာန်ကန့်ကွက်နေတာ နောက်က ဒကာ ဒကာမတွေဘယ်သူတုံး ဒိဋ္ဌိသုံးမျိုးလို့ မှတ်လိုက်စမ်းပါနော် မောင်မြ. . . (မှန်ပါ)၊မောင်မြင့် ဘယ်နှမျိုးတုံးကွ. . . (ဒိဋ္ဌိသုံးမျိုး)၊ပြန်ပြောမယ်

တစ်ခေါက်အရေးကြီးလို့ ပြောနေတယ်လို့မှတ်လိုက်စမ်းပါနော်။

ဥပမာမယ် စားချင်တဲ့ စိတ်ကလေးပေါ်လာတယ်။ ငါစားချင်တယ်ဆိုတော့ စိတ်ကိုငါလို့မထင်လိုက်ဘူးလား. . . (ထင်ပါတယ်ဘုရား)၊ဒါဘာဒိဋ္ဌိဆိုတာလဲ. . . (သက္ကာယ ဒိဋ္ဌိပါဘုရား)။

## သဿတနဲ့ ဥစ္ဆေဒဒိဋ္ဌိ

အင်း. . . စားချင်တဲ့ စိတ်ကလေးက မပျောက်ဘူး ခိုင်မြဲလိုက်တာဆိုရင် ဘာဒိဋ္ဌိဆိုမတုံး. . . (သဿတဒိဋ္ဌိပါဘုရား)၊ စားချင်တဲ့ စိတ်ပျောက်ပြီး သကာလ နောက်ဘာ စိတ်မှမလာတော့ဘူးလို့ ယူလိုက်ရင်လဲ. . . (ဥစ္ဆေဒဒိဋ္ဌိ ပါဘုရား)၊ရှင်းပြီ သုံးခေါက်ရှိသွားပြီ. . . (တင်ပါဘုရား)၊ ရှင်းကြရဲ့လား. . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒိဒိဋ္ဌိသုံးမျိုးသည် ဘယ်သူ့ကို တားမြစ်နေသတုံးလို့ ဦးအောင်ဇံဝေကို မေးလို့ရှိရင်. . . (ပထမနိဗ္ဗာန်ပါဘုရား)၊ပထမနိဗ္ဗာန်၊ မဂ်လည်း အတူတူပေါ့နော် ပထမနိဗ္ဗာန်တားမြစ်တာ၊ အပါယ်လေးပါးတံခါးပိတ်တဲ့ နိဗ္ဗာန်ကို တားမြစ်နေတယ် ရှင်းကြပလား. . . (ရှင်းပါပြီ ဘုရား)၊ဘာတားမြစ်တုံး. . . (ပထမနိဗ္ဗာန် တားမြစ်ပါတယ်ဘုရား)။

## ဘာ့ကြောင့် နိဗ္ဗာန်မရပါလိမ့်

ပထမနိဗ္ဗာန်တားမြစ်တယ်၊ ပထမနိဗ္ဗာန်ရရင် အပါယ်လေးပါးတံခါးမပိတ်ဘူးလား. . . (ပိတ်ပါတယ်ဘုရား) အဲတော့ ပထမနိဗ္ဗာန်တားမြစ်နေတဲ့ တရားသုံးခုဖြင့် ဒီနေ့ဖမ်းမိပြီ မမိကြသေးဘူးလား. . . (မိပါတယ်ဘုရား)၊ မိပြီဖမ်းမိပြီ။

ဒါဖြင့် ဘုန်းကြီးကပဲ မျှော်လင့်ချက်ကြီးကြီးနဲ့ အရှည်မျှော်ပြီးတော့ ဒကာ ဒကာမတွေ မေးလိုက်လို့ရှိရင် တပည့်တော်တို့ဘုရား၊ ဘုရားတွေလည်း ဂင်္ဂါသဲမှုန့်မက ပွင့်သွားကြပါလျက်သားနဲ့တပည့်တော်တို့ပထမနိဗ္ဗာန်မရတာဘယ်အကြောင်းကြောင့်ပါလိမ့်မလဲလို့ မေးရင်ဖြေတတ်ကြပလားဘာပါလိမ့်. . . (ဒိဋ္ဌိသုံးမျိုးကြောင့်ပါဘုရား)၊ဒိဋ္ဌိသုံးခုက ဝင်တားတာ. . . (တင်ပါ)။

## ဒါနကြောင့် လူဖြစ်လာပြီ

တပည့်တော်တို့ အခုလူဖြစ်လာတာ ဒါနကြောင့်လည်း လူဖြစ်လာကြတယ်၊ သီလကြောင့်လည်း အသက်ရှည်နေကြတယ်။ ဒါန သီလ လုပ်ဖူးတဲ့သူချည်းပဲ. . . (တင်ပါဘုရား)၊ နိဗ္ဗာန်မရောက်ဘူးတဲ့၊ ဒါန သီလတော့ လုပ်ဖူးလို့ပဲ အခုခန္ဓာကြီးက သက်သေခံနေတာ၊ မခံဘူးလား. . . (ခံပါတယ်ဘုရား)။

## သီလကြောင့် အသက်ရှည်ပြီ

ဒါနကြောင့်ပဲ အင်း. . . လူဖြစ်လာကြပြီ၊ သီလကြောင့်ပဲ အခုရှည်နေတဲ့အသက်ဟာသီလကြောင့်ပဲ ရှည်နေတာပဲ. . . (မှန်ပါဘုရား)၊မရှည်ကြဘူးလား. . . (ရှည်ပါတယ်ဘုရား)၊ မလုပ်ဖူးဘူးဆိုကြမလား လုပ်ဖူးတယ် ဆိုကြမလား. . . (လုပ်ဖူးပါတယ်ဘုရား)၊ လုပ်ဖူးတယ်ဆိုတာ ဘယ်သူက သက်သေခံတုံး. . . (ခန္ဓာက သက်သေခံပါတယ်ဘုရား)၊ အခုရထားတဲ့ခန္ဓာကသက်သေခံတယ်၊ ရှင်းကြပလား. . . (ရှင်းပါတယ်ဘုရား)။

## နိဗ္ဗာန်ရတာက တခြား

ဘယ့်နဲ့ကြောင့် နိဗ္ဗာန်မရပါလိမ့်မတုံး၊ အို. . . ခန္ဓာရတာကတခြား ဟေ့. . . နိဗ္ဗာန်ရတာက တခြား. . . (မှန်ပါဘုရား)၊ ပေါ်သွားပြီ. . . (မှန်ပါဘုရား)၊ခန္ဓာရတာက. . . (တခြားပါဘုရား)၊နိဗ္ဗာန်ရတာက. . . (တခြားပါဘုရား)၊ တခြားလို့မှတ်ထားလိုက်တော့ အင်း. . . ခန္ဓာရချင်လို့ကျင့်နေတာက တခြား နိဗ္ဗာန်ရောက်အောင် နိဗ္ဗာန်ရလိုတာက တခြားဖြစ်နေတော့ မောင်မြ ဒါဒီနေ့ည ပိုရှင်းသွားတယ်. . . (ရှင်းပါတယ်ဘုရား)။

## ခန္ဓာရတာက တခြား

ခန္ဓာရတာကတော့ကို မောင်မြင့်တို့မေးလိုက်မယ် ခန္ဓာ

တစ်ကိုယ်လုံးဟာ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါ ဘုရား)၊ အင်း. . . ဒါ ဒုက္ခသစ္စာမို့ အိုမှု၊ နာမှု လာတာပေါ့ကွ မလာကြဘူးလား. . . (လာပါတယ်ဘုရား)၊ဒါဖြင့် မင်းတို့သည်ကားဆိုရင်ဖြင့် ဒုက္ခသစ္စာတော့ရတယ်၊ နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်တော့မရဘူး. . . (မှန်ပါဘုရား)၊ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒုက္ခသစ္စာဆိုတဲ့ ခန္ဓာကြီးတော့. . . (ရပါတယ်ဘုရား)၊ နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်တော့. . . (မရပါဘူးဘုရား)၊ မရဘူးဆိုတော့ ဩော်. . . ဒါနသီလဆိုတဲ့ဥစ္စာလူဘဝ နတ်ဘဝတွေတော့ဖြင့်ဒုက္ခသစ္စာထဲတော့၊သူကတော်တော်တွင်ကျယ်အောင် လုပ်ပေးနိုင်တယ်ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

နိရောဓသစ္စာကျတော့ သူက အရောက်မပို့နိုင်ဘဲ ဖြစ်နေတယ်ဆိုတဲ့ဥစ္စာတော်တော်ထင်ရှားတယ်၊ မထင်ရှားဘူးလား. . . (ထင်ရှားပါတယ်ဘုရား)၊ကဲ. . . သေသေချာချာမှတ်ကြပါဒကာဒကာမတို့. . . (တင်ပါဘုရား) ကြားရခဲ့ပါတယ်။

## ငါလှူလိုက်တာ

အဲတော့ နိရောဓသစ္စာ မရောက်တဲ့လက်သည်က လည်းပေါ်သွားပြီ. . . (တင်ပါ)၊နိဗ္ဗာန်မရောက်ကြတာ၊ ပထမနိဗ္ဗာန်မရောက်ကြတာဘယ်သူကတားထားတာတုံး. . . (ဒိဋ္ဌိသုံးမျိုးကတားထားတာပါဘုရား)၊တား၊ မတား ဘုန်းကြီးက ရှင်းပြပ့်

မယ်၊ ဒါနပေးလှူလိုက်တယ် အို. . . ငါလှူလိုက်တာ၊ ဒါန စေတနာကို တစ်ခါတည်းငါနဲ့တွဲလိုက် တော့ သက္ကာယဒိဋ္ဌိကပါ နေတာ၊ မောင်မြင့်မပါဘူးလား. . . (ပါ ပါတယ်ဘုရား)။

ပါနေတော့ သူကတားမှာလား မတားဘူးလား. . . (တားမှာပါဘုရား)၊နတ်ရွာသုဂတိတော့ မတားဘူး. . . (မတားပါဘူးဘုရား)၊မတားဘူး ကြပ်ကြပ်သတိထားနား ထောင်ပါ။ ဒါကြောင့် မင်းတို့ အခုလူဖြစ်နေတာ သုဂတိဘုံတော့ ရောက်သားပဲ၊ နိဗ္ဗာန်တော့ . . . (မရောက်ပါဘုရား)၊ မရောက်ဘူးဆိုတော့ ပြုတုန်းက ငါပါနေတယ်၊ မပါဘူး လား. . . (ပါ ပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် မောင်မြရေ မင်းမနေ့က မင်းသီလ ရသေးလား မေးလို့ရှိရင် ဘယ်နဲ့ဖြေမတုံး၊ တပည့်တော်ရ တယ်ဘုရား၊ သီလပေါ်မှာလည်း တပည့်တော်ဆိုတဲ့ ငါက တွဲလျက်ပဲ၊ အယဉ်အကျေးသုံးလို့ တပည့်တော်ဖြစ်သွား တာပဲ၊ ငါသီလကြီးနဲ့ကွ ဒီနေ့ညစာမစားဘူးပြောတာပဲ. . . (တင်ပါဘုရား)၊ မပြောဘူးလား. . . (ပြောပါတယ်ဘုရား)။

## ငါသီလ ဆောက်တည်တယ်

သီလကို ငါကောမထင်လား. . . (ထင်ပါတယ်ဘုရား)၊ သီလဆိုတာ ရှောင်ကျဉ်မှုတရား၊ အဲဒီရှောင်ကျဉ်မှု တရားကို ငါထင်နေတယ်၊ ဝိရတီကို ငါထင်နေတယ်၊ စာလိုသုံးတော့

ဝိရတီ၊ ဒီနေ့ညစာမစားပါဘူး၊ သူများအသက်မသတ်ပါဘူးဆိုတဲ့ ရှောင်ကျဉ်တဲ့တရားကို ငါလုပ်ပစ်လိုက်တာ၊ ငါသီလရှိတယ်။ ဒီနေ့ ငါသီလဆောက်တည်တယ်ဆိုတော့ ဒီငါက ဖြုတ်လို့ မရဘူး၊ ရကြရဲ့ သား . . . (မရပါဘုရား)။

မရတော့ သီလထဲ ငါရော မရော. . . (ရောပါတယ် ဘုရား)၊ရောတော့ သီလကြောင့် မင်းတို့ အသက်တော့မရှည် ကြဘူးလား. . . (ရှည်ပါတယ်ဘုရား)၊နိဗ္ဗာန်တော့ရရဲ့လား. . . (မရပါဘုရား)၊ ဟ. . . ဘယ်သူက တားပြန်ပါလိမ့် . . . (ဖြစ်ပျက်မသိလို့ပါဘုရား)၊ ပေါ်သွားပြီ သက်သေခံလုံလောက် အောင်ပြနေပြီ၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## သမာဓိ ငါလုပ်မှရမှာ

ကောင်းပြီ ဒါကြောင့် သမထတွေ အားထုတ်တော့ ဗြဟ္မာကြီးတွေများ ဖြစ်လိုက်တာ ငါ့သမာဓိလို့ သူကထင်နေ တာ၊ သမထက သမာဓိပဲကို. . . (မှန်ပါ)၊ငါ့သမာဓိ ငါလုပ်မှရမှာ ဆိုတဲ့ အသွားနဲ့ လုပ်လိုက်တော့ ဗြဟ္မာတော့ ဖြစ်ပါရဲ့ နိဗ္ဗာန် တော့မရဘူး။

ဒီတရားကို ဆရာဘုန်းကြီးက ဟောနေတာက ဆရာ ဘုန်းကြီးဖို့လို့ မမှတ်ကြပါနဲ့နော်၊ ဒီ ဒကာ ဒကာမတွေ ဖို့လို့ မှတ်ပါ. . . (တင်ပါဘုရား)၊ဆရာဘုန်းကြီးဖို့ ဆိုတာကတော့ ဆရာဘုန်းကြီးကတော့ ဓမ္မဒေသနာကုသိုလ် ပဲရပါတယ်

ပုညကရိယာ(၁၀)ပါးထဲက၊ ဒကာ ဒကာမတွေ မှာတော့တဲ့ ပုညကရိယာ (၁၀)ပါးတင်မကဘူးဟော့ မဂ်သမ္မာ ဒိဋ္ဌိတွေဖြစ်ဖြစ် ပြီးသွားတဲ့အတွက် အပါယ်လေးပါး တံခါးပိတ်တဲ့ မဂ်ဉာဏ်ရ သွားမယ်၊ အဲတော့ တို့အဖို့ပြောနေတာ ပါလား ဆိုတာ မှတ်ရ မယ်. . . (တင်ပါဘုရား)၊ ဘုန်းကြီးဖို့ မပါဘူးနော်။

ပါတယ် သာမည ကုသိုလ်ဖြစ်နေတယ်၊ ပုညကရိယာ (၁၀)ပါးထဲက ဆိုတော့ ဥတ္တရိမနုဿဓမ္မမှ မဟုတ်သေးတော့ လူတိုင်းဖြစ်တဲ့ ကုသိုလ်ပဲရှိသေး တယ်။

အခု ဒကာ ဒကာမတွေကနာလို့ ခန္ဓာဉာဏ်ရောက် သွားမယ်ဆိုတော့ ပုညကရိယာ (၁၀)ပါးကို လွန်ပြီးသကာလ ဥတ္တရိမနုဿဓမ္မဖြစ်တဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရတယ်လို့ ဦးမြကြီးမှတ်ရမယ်၊ကွာဘူးလား. . . (ကွာပါတယ်ဘုရား)၊ ကွာတယ်လို့ မှတ်ရမယ်။

## ကိုယ့်အရေးကိုယ်ကာကွယ်တာ

ပြီးတော့ ဒီကိုယ့်အရေးကိုယ်ကာကွယ်တယ်လို့လည်း မှတ်ကြစမ်းပါဦးနော်. . . (တင်ပါဘုရား)၊ကိုယ့်အရေးကို ကိုယ်ကာကွယ်တယ်လို့ ဒကာ ဒကာမတွေက မှတ်ကြစမ်းပါ. . . (တင်ပါဘုရား)။

ကိုယ့်အရေးကဘာတုံးဆိုတော့ အကုသိုလ်ချေး တွေဟာ မွေးကတည်းက မသိဘဲနဲ့ တင်လာတဲ့ အဝိဇ္ဇာတွေ ကလည်း၊

ကိလေသာချေးတွေကလည်း ရှုပ်နေတာပဲ၊ မသိလို့လုပ်လာတော့ သင်္ခါရအလုပ်တွေကလည်း မနည်းလှပါဘူး။

ဒါစာသံပါနေတယ်တဲ့ မသိလို့လုပ်လာတဲ့ သင်္ခါရအလုပ်ကလည်း ဘာတုံးလို့ မေးတဲ့အခါကျတော့ အို. . . မိန်းမဖြင့်လည်း ငယ်ငယ်ကကြီးလာ၊ အိမ်ထောင်ရေးနဲ့ ငယ်တုန်းလည်း ပညာရေးနဲ့၊ ရှေ့အိမ်ထောင်ရေးနဲ့ဆိုတော့လည်း အကုသိုလ်တွေချည်းလုပ်တာပဲ။

တစ်ခါ သိ, ကြား, လိမ္မာတဲ့အရွယ်တော်တော်လေး ရောက်လာပြန်တော့လည်း ဆွမ်းလေးကျွေး၊ သားလေးရှင်ပြုနဲ့လုပ်ပြန်တော့လည်း ဦးအောင်ဇံဝေက ဘုံဘဝရောက်စေတတ်တဲ့ ကုသိုလ်ပဲလုပ်တတ်တယ်. . . (မှန်ပါ)၊မနာဘူးလား. . . (နာပါတယ်ဘုရား)။

## ဘုံဘဝရောက်စေတတ်တဲ့ ကုသိုလ်

ဘုံဘဝရောက်စေတတ်တဲ့ ကုသိုလ်ပဲ လုပ်တတ်တော့ ဒုက္ခသစ္စာပဲ ပြန်ရတာတစ်ခါပြန်လုပ်ပြန်တယ်၊ မသိတုန်းကလည်း ဒုက္ခသစ္စာရတာလုပ်တာပဲ၊ သိပြန်တော့လည်း ဒုက္ခသစ္စာရတာလုပ်တာပဲဆိုသဖြင့် မောင်မြတို့ကဲ. . . အမြတ်ထွက်တာပါသေးလား. . . (မပါ ပါဘူးဘုရား)။

အဲဒါကြောင့် ဒီဝိပဿနာ မပါလို့ရှိရင်ဖြင့် အားလုံးပဲ

မှတ်ကြပါ မောင်အောင်ချိတို့ လူစုတွေနော်၊ ဝိပဿနာမပါတဲ့ ကုသိုလ်ဟူသ၍၊ ဝိပဿနာ ဉာဏ်ဦးမစီးနိုင်တဲ့ ကုသိုလ် ဟူသ၍ ဖြင့် နောက်ခန္ဓာ ဇာတိ၊ ဇရာ မရဏပြန်ရမှာပဲ၊ အဘယ်ကြောင့် ဆိုသော် ခန္ဓာရုံမုန်းငြီးငွေ့တဲ့ ဉာဏ်မလာသောကြောင့်လို့မှတ် လိုက်ပါ. . . (တင်ပါ)။

## ခန္ဓာကိုယ်ရချင်လို့ လှူတဲ့အလှူ

ဦးမြကြီး ဘယ်လိုမှတ်မတုံး. . . (ခန္ဓာရုံမုန်းငြီးငွေ့တဲ့ ဉာဏ်မလာကြောင့်ပါဘုရား)၊ခန္ဓာရုံမုန်းငြီးငွေ့တဲ့ ဉာဏ်မလာ လို့. . . (တင်ပါ)၊ဒီထဲဒကာ ဒကာမတွေပါ ပါတယ်၊ ရှင်ပြုပြီး တာတွေ ခင်ဗျားတို့ ရှင်ပြုတုန်းက ခန္ဓာကိုယ် ရုံမုန်းငြီးငွေ့တဲ့ ဉာဏ်လာသလားလို့ မေးရင် ဘယ်နဲ့ဖြေကြမတုံး. . . (မလာပါ ဘူးဘုရား)၊မပါပါဘူး တစ်ယောက်မှ ခန္ဓာကိုယ်မရချင်လို့ လှူတဲ့အလှူမျိုး ပါကြရဲ့လား. . . (မပါပါဘူးဘုရား)၊ ဒါဖြင့်ရချင် လို့လှူတဲ့ အလှူဖြင့် ဒုက္ခသစ္စာပြန်ရမှာပဲ. . . (မှန်ပါ)၊ ဦးမြငြိမ်းဖို့ လိုသေးလား. . . (မလိုပါဘူးဘုရား)၊ မလိုတော့ ဘူးတဲ့။

အဲတော့ မသိလို့ မိုက်ခဲ့တဲ့ အကုသိုလ်ကလည်း တစ်ပုံ ကြီး၊သိသယောင်နဲ့လုပ်လာတဲ့ ကုသိုလ်ကလည်းအများကြီး. . . (တင်ပါ)၊ဒါမဟောရပေဘူးလား ဟောရမှာလား ဒါတပည့်ရင်း ဆရာရင်းတွေဆိုတာ ဒါလိုရင်းပြရတော့မှာ. . . (မှန်ပါဘုရား)၊ လိုရင်းပြရတော့မယ်လို့ ဒကာ ဒကာမတွေ သေသေချာချာ

မှတ်ပါ။

## ငါလုပ်မှ ငါရမှာ

ကိုင်း. . . ဒါဖြင့်တဲ့ ဒါဘယ်နဲ့ကြောင့် လုပ်ဖြစ်ပါ လိမ့်မတုံး လို့ မေးတဲ့အခါကျတော့ ဩော်. . . ဒိဋ္ဌိရှိလို့ ငါလုပ်မှ ငါရမှာပဲ ဆိုပြီး ဒိဋ္ဌိနဲ့ လုပ်ချလိုက်တယ်. . . (မှန်ပါဘုရား)၊ ငါလုပ်မှ ငါရမှာ ဘာနဲ့ လုပ်လိုက်ပါလိမ့်. . . (ဒိဋ္ဌိနဲ့လုပ်လိုက်ပါတယ်ဘုရား)၊ သက္ကာယဒိဋ္ဌိနဲ့ပဲလုပ်လိုက်တယ်။

ငါလုပ်မှ ငါရမှာ ဒါမှငါ့ဖို့ ပါမှာဆိုတော့ ငါရှေ့သွားဦး မယ်ဆိုတာသေချာတယ်. . . (မှန်ပါ)၊မသွားဘူးလား. . . (သွားပါတယ်ဘုရား)၊ဒါမှ ငါ့နောက်လိုက်မှာလို့ဆိုတာ ကကော မယူဘူးလား. . . (ယူပါတယ်ဘုရား)၊ဒါဖြင့် ငါက ရှေ့ကသွားဦး မှာပဲ. . . (တင်ပါ)၊ကုသိုလ်တွေက နောက်က လိုက်ဦးမှာပဲ ဘာဒိဋ္ဌိတွေနဲ့ လုပ်နေသတုံးမေးတော့မှ ဦးအောင်ဇံဝေ၊ အခု တော့ ရိပ်မိပြီ. . . (ရိပ်မိပါပြီဘုရား)၊ သဿတဒိဋ္ဌိနဲ့ လုပ်နေ တာ. . . (မှန်ပါ)။

ဒါဖြင့်ဒိဋ္ဌိဦးစီးတဲ့ကုသိုလ်လို့ ဦးမြကြီးဆိုပေတော့ . . . (မှန်ပါ)၊နိဗ္ဗာန်ရောက်ပါ့မလား. . . (မရောက်ပါဘူးဘုရား)၊ မရောက်ပါဘူးဆိုတာ ရှင်းရှင်းလင်းလင်း မှတ်လိုက်စမ်းပါ ဘုန်းကြီးတို့ ဒကာ ဒကာမတွေနော်။

## နိဗ္ဗာန်မရောက်တဲ့ကုသိုလ်

နိဗ္ဗာန်မရောက်တဲ့ ကုသိုလ် ခင်ဗျားတို့ လုပ်ခဲ့ကြတယ် ဆိုလို့ရှိရင် ဒီထဲငြင်းမည့်သူမပါဘူး. . . (မပါပါဘူးဘုရား)၊ ဘာကုသိုလ်တွေ လုပ်ခဲ့ကြတုံး. . . (နိဗ္ဗာန်မရောက်တဲ့ ကုသိုလ်တွေပါဘုရား)၊နိဗ္ဗာန်မရောက်တဲ့ ကုသိုလ်တွေ လုပ်ခဲ့တယ်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဘာကုသိုလ်တွေများ လုပ်ခဲ့ကြတုံး . . . (နိဗ္ဗာန်မရောက်တဲ့ကုသိုလ်တွေ လုပ်ခဲ့ပါတယ်ဘုရား)၊နိဗ္ဗာန်မရောက်တဲ့ ကုသိုလ်တွေ လုပ်ခဲ့တယ်ဆိုကတည်းက အင်း အထက်သံသရာ ကျင်လည်ဖို့ လုပ်ခဲ့တယ်ဆိုရုံပဲ. . . သဘောပါပလား. . . (ပါပါပြီဘုရား)။

နတ်ပြည်ခြောက်ထပ်နဲ့ ဗြဟ္မာပြည်သွားလာဖို့ ကုသိုလ်တွေလုပ်ခဲ့တယ်ဆိုရင်လည်း ဦးမြတို့က ငြင်းဖို့လိုသေးလား. . . (မလိုတော့ပါဘူး ဘုရား)၊ မလိုတော့ပါဘူးတဲ့

## ဒီတစ်ခါ ဒီဆရာနဲ့ လွဲသွားရင် ကိုယ်ကျိုးဖြင့် နည်းပြီ

အဲဒါကြောင့် ဒီတစ်ခါ ဒီဆရာနဲ့ လွဲသွားကြလို့ ဉာဏ်ပေးတာကိုမယူနိုင်ကြဘူး၊ ကိုယ့်ဖို့မှန်း မသိတော့ဘူး ဆိုရင်ဖြင့် ကိုယ်ကျိုးဖြင့် အကြီးအကျယ်နည်းတာပဲ. . . (မှန်ပါဘုရား)၊ ကိုယ်ကျိုးအကြီးအကျယ်နည်းတာပဲဆိုတာပေးလည်း ပေးလျက်

သားနဲ့ ဒုက္ခခပ်သိမ်း နိဗ္ဗာန်ရောက်ဖို့အလုပ်ကို ပေးလျက်သားနဲ့ မအားလို့ မလပ်လို့၊ ဒိဋ္ဌိအလုပ်လုပ်နေရ လို့ မအားလို့မလပ်လို့ မယူဘူးဆိုလို့ရှိရင်ဖြင့်ကိုယ်ကျိုးနည်းတာပဲ. . . (နည်းပါတယ်ဘုရား)။

ငါစားဖို့၊ ငါဝတ်ဖို့၊ ငါ့သမီးလေးတွေဖို့ဆိုပြီး လုပ်နေလို့ရှိရင် ဒိဋ္ဌိနယ်ထဲက မထွက်လို့ရှိရင်ဖြင့်နာပြီကွ၊ မနာဘူးလား. . . (နာပါတယ်ဘုရား)၊အင်မတန်နာသွားပြီ ဆိုတာ သဘောကျကြပလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် မြို့ထဲ ရွာထဲမှာ ဩော်. . . ဘုန်းကြီးလည်း အခုကျန်းမာတာနဲ့ တရားနည်းနည်းပြောတယ်၊ ရိုကော်ဒါသွင်းနေတယ်၊ တို့ကလည်းမအားနဲ့ ခက်လိုက်တဲ့ ဖြစ်ခြင်းဆိုတော့၊ ဘာကြောင့် မအားတာတုံးဆိုတော့ ငါ့သား၊ ငါ့သမီး၊ ငါ့မြေး၊ ငါ့မြစ်တွေ စိတ်မချမှုကြောင့် မအားတာဆိုတော့ ဒိဋ္ဌိကြောင့် မအားတာကိုဗျ. . . (တင်ပါ)။

**ဒိဋ္ဌိမပြုတ်ရင်၊ ပထမနိဗ္ဗာန်မရ**

ငါ့ရစရာ ယူစရာလေးတွေကလည်း စာရင်းတွေ၊ အင်းတွေ ရှင်းစရာရှိသေးတယ်ဆိုရင်လည်း ဘယ်သူ့ကြောင့် မအားတာတုံး. . . (ဒိဋ္ဌိကြောင့် မအားတာပါဘုရား)၊ဒါဖြင့် အပါယ်ကျမည့်တရားကြောင့် မအားတာကို သူ့ဟာက. . . (တင်ပါဘုရား)၊ ဘာလုပ်နေတုံး မေးလို့ရှိရင်ဖြင့် ဒိဋ္ဌိအလုပ် လုပ်နေတယ် လို့ ရှင်းတမ်းထုတ်ရုံပဲရှိမယ်. . . (မှန်ပါဘုရား)၊ ဒီပြင် ဘာပါသေး

တုံး. . . (မပါပါဘူးဘုရား)၊ မပါဘူးဆိုတာ သေချာကြပလား. . . (သေချာပါပြီဘုရား)။

ဒိဋ္ဌိမပြုတ်ဘဲနဲ့ ပထမနိဗ္ဗာန်ရတဲ့ ပုဂ္ဂိုလ် ဦးအောင်ဇံဝေ တွေ့ဖူးရဲ့လား. . . (မတွေ့ဖူးပါဘူး ဘုရား)၊ ဦးမြကြီး ကော. . . (မတွေ့ပါဘုရား)၊ မတွေ့ဖူးဘူး ပထမနိဗ္ဗာန်ဟာ ဒိဋ္ဌိနိရောဓော နိဗ္ဗာနံလို့ မှတ်လိုက်စမ်းပါ. . . (တင်ပါဘုရား)၊ ပထမနိဗ္ဗာန်ဟာ ဘာတဲ့ . . . (ဒိဋ္ဌိနိရောဓေါနိဗ္ဗာနံပါဘုရား)၊ ဒိဋ္ဌိချုပ်မှ နိဗ္ဗာန်ရောက်တယ်. . . (မှန်ပါ)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

## တရားနာမှားရင် ဒိဋ္ဌိဖြစ်တတ်တယ်

ကိုင်း ဒါဖြင့် ယမကပဲ အစကနေပြီးတော့ သွင်းကြပါစို့တဲ့ ဘုရားလက်ထက်က၊ ဒီနေ့တော့ ရဟန္တာဖြစ်အောင်ဟောရမည့်နေ့ဖြစ်နေတယ် ဒကာ ဒကာမတို့ ဘုရားလက်ထက်က ဘုရားထံသွားပြီး တရားနာတဲ့ ယမကဆိုတဲ့ ရဟန်းတစ်ပါးရှိတယ်လို့ မှတ်လိုက်တာပေါ့နော်. . . (တင်ပါ)။

တရားနာပြီးပြန်လာပြီး သူက ဗဟုသုတကနည်းတော့ ဦးအောင်ဇံဝေ ဗွေဖေါက်လာတယ်. . . (မှန်ပါ)၊ ဘုရားဟောတာ သူသိပါတယ်တဲ့ ရဟန္တာများ သေရင်ဘာမှ မဖြစ်တော့ဘူး ဒီအယူ ယူပစ်လိုက်တယ်၊ မနေ့က နာပြီးသားဖြစ်နေလို့ ဘာအယူပါလိမ့် သူ့အယူက. . . (ဒိဋ္ဌိအယူပါ ဘုရား)။

ဘာဒိဋ္ဌိပါလိမ်. . . (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)၊ ဥစ္ဆေဒဒိဋ္ဌိ

ယူလိုက်တယ်. . . (တင်ပါ)၊ ဦးမြ ဘာအယူ ယူသွားပါလိမ့်. . . (ဥစ္ဆေဒဒိဋ္ဌိအယူ ယူသွားပါတယ်ဘုရား)၊ဒါကြောင့် တရားနာမှား လို့လည်း ဒိဋ္ဌိဖြစ်တတ်တယ်. . . (တင်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဆရာကောင်းလိုတယ်

တရားနာမှားလို့လည်း. . . (ဒိဋ္ဌိဖြစ်တတ်ပါတယ် ဘုရား)၊ဒိဋ္ဌိဖြစ်တတ် တယ်ဆိုတာနောက်က ဒကာ၊ ဒကာမတွေ သေသေချာချာမှတ်ပါ. . . (တင်ပါဘုရား)၊ဒါကြောင့် ဆရာ ကောင်း လိုတယ်ဆိုတာကိုလည်း ဦးမြ အရေးကြီးပါတယ်ဗျာ. . . (မှန်လှပါဘုရား)။

မင်းတို့ မရမယ်ဆိုရင် ဘာဒိဋ္ဌိပါကြတယ်ထင်တုံး. . . (သက္ကာယဒိဋ္ဌိပါဘုရား)၊သက္ကာယ ဒိဋ္ဌိအသေချာပါတာပဲ. . . (မှန်လှပါဘုရား)၊ငါသွားရာ ငါ့နောက်လိုက်မှာပဲဆိုရင်ကော. . . (သက္ကာယ ဒိဋ္ဌိပါဘုရား)၊ဘယ်ကလာ ဒါ ဦးမြ နိဗ္ဗာန်ရောက် ပါ့မလား. . . (မရောက်ပါဘူး ဘုရား)၊ သက္ကာယ ဒိဋ္ဌိတန်း လန်းနဲ့ နိဗ္ဗာန်ရောက်တဲ့ ပုဂ္ဂိုလ်များ တွေ့ဖူးကြရဲ့လား. . . (မတွေ့ဖူးပါဘူးဘုရား)။

ပထမနိဗ္ဗာန်က ဒိဋ္ဌိဖြုတ်တဲ့ နိဗ္ဗာန်ကို၊ ဒိဋ္ဌိချုပ်မှ ရမည့် နိဗ္ဗာန်ဆိုတော့ ဒကာ ဒကာမတို့ ဒါဆရာ အင်မတန်အရေး ကြီးတော့တယ် ဆိုတာပေါ်လာတယ်. . . (မှန်ပါဘုရား)။

## ရဟန္တာသေရင် ဘာမှမဖြစ်တော့ဘူးတဲ့

ဒါနဲ့ အခုတရားနာရင်း ယမကသည် ဒကာ ဒကာမတို့ ဘုရားတရားကိုနာရင်း မတ်တတ်နဲ့ ရဟန္တာများသေရင် ဘာမှမဖြစ်တော့ဘူး၊ကျုပ်သိပါတယ်၊ ဘုရားဟောတော်မူတာ တစ်ခါတည်း ဒီအယူ ယူလိုက်တယ်။

ဒီအယူ ယူလိုက်တော့ ဦးအောင်ဇံဝေက ဘေးက ရဟန်းတွေက နားလည်ပြီးသား ရဟန္တာတွေကော ပုထုဇဉ်တွေကော ဝိုင်းပြောကြတယ်၊ ဟာ. . . ယမက ဘုရားဒီလို မဟောပါဘူးကွာ မင်းဟာ ဥစ္ဆေဒဒိဋ္ဌိကြီးဖြစ် နေပြီကွ၊ ဟာ. . . မစွန့်နိုင်ဘူးတဲ့၊ ဒီလိုဟောတာပဲတဲ့ ရဟန္တာသေရင် ဘာမှမဖြစ်တော့ဘူးတဲ့ ဆိုတော့ ဥစ္ဆေဒဒိဋ္ဌိကြီးက သေချာမနေဘူး လား. . . (သေချာပါတယ် ဘုရား)။

ဒါနဲ့ ရဟန်းတွေက သူ့ဝိုင်းပြီးတော့ ပြောကြတယ်၊ ပြောပေမဲ့ သူ့အယူ သူမစွန့်ပါဘူး၊မစွန့်နိုင်တော့ ရှင်သာရိပုတ္တရာဆီ သွားပြီးသကာလ တိုင်ကြတယ်၊ အရှင်ဘုရား တပည့်တော်တို့ အထဲမှာဖြင့် ရဟန်းဆိုးတစ်ယောက် ရဟန်းသာလုပ် နေတယ် ဒိဋ္ဌိဖြစ်နေပြီဘုရား၊ ဒါဖြင့် ရဟန်းလုပ်တာကတခြား၊ ဦးမြကြီး ဒိဋ္ဌိဖြစ်တာကတခြား ပါလားဗျ. . . (မှန်ပါ)၊နောက်က ဒကာ ဒကာမတွေ ဘယ်နဲ့ဆိုမတုံး. . . (တခြားစီပါဘုရား)။

## မင်းလုပ် မင်းရမှာပေါ့တဲ့

ရဟန်းဖြစ်တာက. . . (တခြားပါဘုရား)၊ဒိဋ္ဌိအယူ ယူထားတာက. . . (တခြားပါဘုရား)၊အေး. . . ဒါကြောင့် မလွယ်ဘူး သေသေချာချာမှတ်ပါ၊ တချို့ဘုန်းကြီးတွေ ဟောကြ၊ပြောကြ၊ ဆိုကြ၊ ဟာ. . . မင်းလုပ်မင်းရမှာ ပေါ့ကွာ၊ ဟောနေ တဲ့ ပုဂ္ဂိုလ်တွေ ဦးမြကြီး ကြားဖူးမှာပဲ. . . ( ကြားဖူးပါတယ်ဘုရား)

ဘာဒိဋ္ဌိနဲ့ သူဟောနေတာတုံး. . . (သက္ကာယဒိဋ္ဌိနဲ့ပါဘုရား)၊ သက္ကာယဒိဋ္ဌိနဲ့ဟောနေတာ မဆိုးဝါးဘူးလား တဲ. . . (ဆိုးဝါးပါတယ်ဘုရား)၊ ဒါပေမဲ့ မင်းတို့ လူစုတွေ ကလည်းဉာဏ်က အဲဒီတင်ဆုံးနေတော့ ဒီဆရာဆီတင် လမ်းဆုံးနေတော့ ဦးအောင်ဇံဝေ ရှေ့တက်သေးလား. . . (မတက်တော့ပါဘူးဘုရား)၊မတက်တော့ဒိဋ္ဌိပြုတ်သေးလား. . . (မပြုတ်တော့ပါဘူး ဘုရား)။

ဒါဖြင့် ဒိဋ္ဌိမပြုတ်တဲ့ ကုသိုလ်လည်း မှတ်လိုက်၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာပဲ၊ ဒိဋ္ဌိမပြုတ်တဲ့ကုသိုလ် ဦးမြ ဘယ်နဲ့ဆိုမယ်. . . (အဝိဇ္ဇာပစ္စယာ သင်္ခါရာပါဘုရား)၊အဝိဇ္ဇာကြောင့်ဖြစ်တဲ့ သင်္ခါရ၊ သင်္ခါရကုသိုလ်ဖြစ်နေတယ်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဒုက္ခအစုကြီးရမယ်

အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဆိုလို့ရှိရင် နောက်ဆုံးပိတ်

ဦးအောင်ဖေ တို့ရတဲ့ "ဒုက္ခက္ခန္ဓသသမုဒယောဟောတိ" ဘာရမယ် . . . (ဒုက္ခရမှာပါဘုရား)၊ ဒုက္ခအစုကြီးရမယ်၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒုက္ခအစုကြီး ရမယ်ဆိုတာက ဒကာ ဒကာမ တွေ သေချာကြပလား. . . (သေချာပါတယ်ဘုရား)၊ အဲဒါ ကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သေသေချာချာ ပြောနေပါ တယ်တဲ့ ဒိဋ္ဌိဖြုတ်ပြီးမှ ကုသိုလ်လုပ်ပါဆိုတာ ကုသိုလ်က ရှေးကျပြီး ဒိဋ္ဌိဖြုတ်တာက နောက်ကျနေတော့ ဦးအောင်ဖေက ဒီဥစ္စာလည်း ရှေ့နောက်လွဲတဲ့ အဓိပ္ပါယ်ကို မရှင်းရပေဘူး လား. . . (ရှင်းရပါတယ်ဘုရား)။

ဦးမြကြီးဒါမရှင်းသင့်ဘူးလား၊ ရှင်းသင့်သလား. . . (ရှင်းသင့်ပါတယ်ဘုရား)၊ လူတိုင်းလည်း ရှင်းမပေးနိုင်ဘူး ဆိုတာ နောက်က ဒကာ ဒကာမတွေက မှတ်ဦးမှကောင်းမယ်. . . (တင်ပါဘုရား)။

## ဘုရားက ဆောင်ပြောထားတာ

သူကိုယ်တိုင်က မရှင်းတော့ ဒီဥစ္စာ စာလာတဲ့အတိုင်း ဘုရားက ဆောင်ပြောထားတဲ့ အဓိပ္ပါယ်ကို သူက တိုက်ရိုက် ပြောထားပြန်လို့ရှိရင်လည်း ဦးမြ လွဲတယ်နော်. . . (မှန်ပါ)၊ ဘုရားကမင်းလုပ်မင်းရမှာပေါ့ဆိုတာ ဆောင်ပြောထား တာ. . . (တင်ပါ)၊ တိုက်ရိုက်ကျတော့ မင်းလည်းမရှိဘူး. . .

(မရှိပါဘူးဘုရား)၊ဟုတ်ဘူးလား. . . (တင်ပါဘုရား)။

မင်းလည်းမရှိဘူး၊ မင်းရမယ်ဆိုတာကော. . . (မရှိပါဘူးဘုရား)၊ မရှိပါဘူးတဲ့ အကြောင်းနဲ့ အကျိုးဖြစ်ရမယ်၊ သဘောပါပလား. . . (ပါ ပါပြီဘုရား)။

## အကြောင်းအကျိုး နားမလည်လို့

ကောင်းပြီ ဒါအကြောင်းအကျိုးသိမှ သက္ကာယဒိဋ္ဌိက ပြုတ်တာဖြစ်နေတာဒီယမကမှာ ဒီအကြောင်းအကျိုး နားမလည်တဲ့အတွက် ခန္ဓာ နိရောဓေါ နိဗ္ဗာန်ဆိုတာ၊ ခန္ဓာနိရောဓေါ-ခန္ဓာချုပ်သွားလို့ရှိရင်၊ နိဗ္ဗာန်- နိဗ္ဗာန်ပေါ်လာ၏၊ နိဗ္ဗာန်ဖြစ်လာ၏ ဆိုတဲ့ အဓိပ္ပါယ်ကို အကြောင်းအကျိုး ဆက်တတ်သေးရဲ့လား. . . (မဆက်တတ်ပါဘူးဘုရား)။

မဆက်တတ်တော့ဘူး ဘာဒိဋ္ဌိသွားဖြစ်တုံး ဥစ္ဆေဒ ဒိဋ္ဌိသွားဖြစ်တယ်ဆိုတာ မှတ်လိုက်စမ်းပါနော်. . . (တင်ပါ)၊ အဲတော့ ဒီဒကာ ဒကာမတွေက နောက်တစ်ထစ်ချမှတ်ပါ၊ ပြော်. . . သင်္ခါရဖြစ်တဲ့ တရားတွေ၊ သင်္ခါရချုပ်သွားတာကို ဆိုတာကို မှတ်လိုက်စမ်းပါ. . . (မှန်ပါ)။

## သင်္ခါရချုပ်တော့ အသစ်တာ

ရုပ်နာမ်ခမ္မက သင်္ခါရမဟုတ်လား. . . (တင်ပါ)၊ဒီသင်္ခါရတွေ အကုန်ချုပ်သွားတာပဲ၊ သင်္ခါရချုပ်တော့ ဘာဖြစ်တုံး

**အို. . . သင်္ခါရချုပ်တော့ သင်္ခတာမမ္ဟာ၊ အသင်္ခတ၊ ကြော်. . . အသင်္ခတဘက် ရောက်သွားတယ် ပေါ်ပလား. . . (ပေါ်ပါပြီ ဘုရား)၊တော်တော်အရေးကြီးတယ် ဒီစကား၊ မကြီးဘူးလား ဒကာ ဒကာမတွေ. . . (ကြီးပါတယ်ဘုရား)။**

**သင်္ခတာမမ္ဟာဆိုတော့ သင်္ခတ မမ္ဟတွေ ချုပ်သွားပြီ၊ ရုပ်နာမ်မမ္ဟဆိုတာ သင်္ခတတွေနော်. . . ပြုပြင်လို့ ပေါ်လာခြင်းဟာ သင်္ခတမမ္ဟ. . . (တင်ပါ)၊အဲဒီ သင်္ခတတွေ ချုပ်သွားတော့ သင်္ခတာမမ္ဟာချုပ်သွားတော့ ဘာလာမတုံးလို့ မေးလို့ရှိရင် အသင်္ခတလာရမယ်။**

## အသင်္ခတဆိုတာနိဗ္ဗာန်

အသင်္ခတဆိုတာ ဘာပါလိမ့်မတုံး. . . (နိဗ္ဗာန်ပါဘုရား)၊ ကြော်. . . ဒီလိုဆိုလို့ရှိရင် သင်္ခါရချုပ်သွားလို့ရှိရင် အသင်္ခတ ပေါ်လာတယ်ဆိုတဲ့ ဥစ္စာမသိတော့၊ သင်္ခါရတွေကို ယမက ကမသိတော့ သင်္ခါရကို ရဟန္တာလုပ်ပစ်လိုက်တယ်၊ ဒါကြောင့် ရဟန္တာသေရင်ဘာမှမဖြစ်ဘူး. . . (တင်ပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

စင်စစ်တော့ဖြင့် ရဟန္တာသေတာလား သင်္ခါရ ချုပ်သွားတာလား. . . (သင်္ခါရချုပ်သွားတာပါဘုရား)၊ သင်္ခါရချုပ်သွားတော့ သူဘယ်ကူးသွားတုံး၊ အသင်္ခတဘက် ကူးသွားတယ်၊ တရားကသင်္ခတာမမ္ဟာ အသင်္ခတ မမ္ဟကို. . . (တင်ပါ)၊ဒါလေး

လေးစားစားမှတ်ပါ၊ မေ့သိဂ်ဏီ ပါဠိတော်မှာ လာပါတယ်။

## မပြုပြင်ဘဲနဲ့ ရှိနေတဲ့ တရား

သင်္ခတချုပ်ရင်ဘယ်ဘက်ကူးကြမယ်. . . (အသင်္ခတဘက်ကူးရမှာပါဘုရား)၊သင်္ခတဆိုတာ ပြုပြင်လိုက်၊ ပျက်လိုက်ဆိုတာ သင်္ခတ. . . (တင်ပါ)၊ အသင်္ခတဆိုတာ ပြုပြင်မှုမရှိသောကြောင့် ပေါ်လာတယ် မပျက်တော့ဘူး၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

သင်္ခတက ဘာတုံး၊ပြုပြင်လို့ ပေါ်လာတော့ ဘာဖြစ်မယ်. . . (ပျက်ပါတယ်ဘုရား)၊ပျက်တယ်နော်၊ အသင်္ခတဆိုတာ ဘယ်သူမှ မပြုပြင်ဘဲနဲ့ရှိနေတဲ့တရား ပျက်စရာလိုသေးလား. . . (မလိုပါဘူးဘုရား)၊ ဒါဖြင့် ပျက်တဲ့တရားကုန်ဆုံးသွားလို့မပျက်တဲ့ ဘက်ရောက်သွားတာ. . . (တင်ပါဘုရား)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ပျက်တဲ့ တရားကုန်ဆုံးသွားလို့. . . (မပျက်တဲ့ဘက်ရောက်သွားတာပါဘုရား)၊အဲဒါ နိဗ္ဗာန်. . . (တင်ပါဘုရား)၊အဲတော့ ပျက်တဲ့အထဲ ဘယ့်နဲ့ကြောင့် ကုန်ဆုံးသွားတုံးလို့ ဒီဒကာ ဒကာမတွေ ဒီနေရာ အလုပ်တရားလေးသွင်းလိုက်လို့ရှိရင် ပျက်တာမြင်တယ်၊ ပျက်တာ မုန်းတယ်၊ ပျက်တာကြီးကို ဒုက္ခသစ္စာလို့ ဉာဏ်နဲ့ သိလို့ဆုံးသွားတယ်၊ ဆုံးသွားတော့ သင်္ခတ ကုန်သေးဘူးလား. . . (ကုန်ပါပြီ ဘုရား)။

## သင်္ခတ အဆုံးမှာ နိဗ္ဗာန်

သင်္ခတကုန်တော့ ဘယ်ဘက်ရောက်သွားတုံး. . . (အသင်္ခတဘက် ရောက်သွားပါတယ်ဘုရား)၊ဒါကြောင့် ဒုက္ခ အဆုံး နိဗ္ဗာန်ဆိုတာ သင်္ခတအဆုံး နိဗ္ဗာန်နဲ့ အတူတူပဲ. . . (တင်ပါဘုရား)။

ဒါဖြင့် အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်များမှာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေနော် ခင်ဗျားတို့ ချုပ်သွားတယ်ဆိုတာ သင်္ခတ ကုန်သွားတယ်လို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)။

ဒါ ဦးမြကြီး လုပ်ရမယ်၊ ဒါ. . . ကုန်အောင်လုပ်ရမယ်၊ ဦးအောင်ဇံဝေကြီး ခင်ဗျားက ကုန်အောင်လုပ်၊ သင်္ခတ ကုန်သွားရင် ဘယ်ဘက်ရောက်သွားမယ်. . . (အသင်္ခတ ဘက်ရောက်သွားပါတယ်ဘုရား)။

အဲတော့ ရဟန္တာဆိုတာလည်း ပရိနိဗ္ဗာန်စံတော့ သင်္ခတ ကုန်သွားတာ၊ အသင်္ခတဖြစ်သွားတဲ့ဥစ္စာကို သူက သင်္ခတနှင့် အသင်္ခတ မကွဲတော့ ယမက က ရဟန္တာသေရင် ဘာမှမဖြစ်ဘူး ယူချလိုက်တာ၊ရဟန္တာကောရှိရဲ့လား. . . (မရှိပါဘုရား)၊ သင်္ခတတရားသာရှိတာ၊ ရုပ်နာမ်သင်္ခတပဲရှိတာ၊ အဲဒီ သင်္ခတ တွေ ချုပ်ငြိမ်း ရုပ်သိမ်းသွားတော့ ပရိနိဗ္ဗာန်စံတယ်လို့ သမုတိနယ် က ခေါ်တာပေါ့ဗျာ. . . (တင်ပါ)။

ခေါ်ပင်ခေါ်ငြားသော်လည်း ဘယ်ဘက်ကူးသွားတုံး. . . (အသင်္ခတဘက် ကူးသွားပါတယ်ဘုရား)၊ဒါဖြင့် သင်္ခတအဆုံးမှာ အသင်္ခတနိဗ္ဗာန်ရှိတယ်လို့ ယနေ့ ဆုံးဖြတ်ချက်ချ. . . (မှန်ပါ)၊

သင်္ခတအဆုံးမှာ. . . (အသင်္ခတ နိဗ္ဗာန်ရှိပါတယ်ဘုရား)။

## ဖြစ်ပျက်တွေဟာ သင်္ခတတွေ

သင်္ခတ ဆိုတာလည်း ဦးမြကြီးတို့၊ ဦးအောင်ဇံဝေတို့က မောင်မြတို့က တခြားမှတ်မနေနဲ့. မင်းတို့ရှုနေတဲ့ဖြစ်ပျက်ကလေးတွေက သင်္ခတတွေ. . . (မှန်ပါ)၊ဖြစ်လိုက်၊ပျက်လိုက်၊ဖြစ်လိုက်၊ ပျက်လိုက် ဒါ ပြုပြင်လို့ပေါ်နေတာ. . . (တင်ပါ)၊ ဒါဘာတရားခေါ်မတုံး. . . (သင်္ခတ တရားပါဘုရား)။

အဲဒီ သင်္ခတတရားတွေကို ကျုပ်တို့က ဒုက္ခသစ္စာ မှန်းသိတော့မလိုချင်တော့ကို ဆုံးမသွားဘူးလား. . . (ဆုံးသွားပါတယ်ဘုရား)၊ဆုံးသွားတဲ့အခါကျလို့ရှိရင် သင်္ခတနယ်က လွန်မသွားသေးဘူးလား. . . (လွန်သွားပါတယ် ဘုရား)၊ ကိုယ်ရှုနေတဲ့ဉာဏ်ဟာ သင်္ခတနယ်ကလွန်သွားတယ်. . . (တင်ပါ)၊ဘယ်ဘက်ကူးသွားတုံး. . . (အသင်္ခတ ဘက်ကူးသွားပါတယ်ဘုရား)။

## ကိုယ့်ဉာဏ်ကမဂ်ဉာဏ်

ဒါဖြင့် အသင်္ခတက နိဗ္ဗာန်၊ ကိုယ့်ဉာဏ်က မဂ်ဉာဏ်သွားဖြစ်တာပေါ့၊ဦးမြတော်တော်အရေးမကြီးဘူးလားကဲ. . . (ကြီးပါတယ်ဘုရား)၊အဲတော့ ယမကမှာ ဒိဋ္ဌိဖြစ်တာတော့ သင်္ခတာမမွာနဲ့ အသင်္ခတမမွမကွဲရှာဘူး. . . (မကွဲပါ

ဘူးဘုရား)။

သခ်တကို ရဟန္တာလုပ်လိုက်တာ. . . (တင်ပါ)၊ သခ်တရုပ်နာမ်ကို သူက . . . (ရဟန္တာပါဘုရား)၊အဲတော့ ရဟန္တာသေရင် ဘာမှမဖြစ်ဘူးလို့ ယူလိုက်တော့ ဘာဒိဋ္ဌိဖြစ် သွားတုံး. . . (ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သွားပါတယ်ဘုရား)၊အဲ. . . ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဒီဘက်မကူးနဲ့ ဩော်. . . သခ်တချုပ်လို့ ၊ သခ်တရုပ်နာမ်၊ ဒုက္ခသစ္စာကြီး ချုပ်လို့ အသခ်တပေါ်လာတာပဲလို့ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါ တယ်ဘုရား)။

ဒါကြောင့်သခ်တအဆုံးမှာ အသခ်တရှိသောကြောင်. . . . တဲ့ ပြတ်သွားသလား၊ အသခ်တမမွအထူးပေါ်လာသလား ဆိုရင် ဘယ်နဲ့ဖြေကြမတုံး. . . (အသခ်တမမွအထူးပေါ်လာ တာပါဘုရား)၊ကဲ. . . ဦးမြကြီး ဒါ အသေအချာမှတ်. . . (တင်ပါဘုရား)၊ ဦးအောင်ဇံဝေကော. . . (မှန်ပါဘုရား)၊ မှတ်မိပလား. . . (မှတ်မိပါပြီဘုရား)။

ခင်ဗျား အခု ရှုနေတာ သခ်တတွေ ရှုနေတာ၊ မဆုံး သေးလို့၊ ဆုံးရင်ဘာလာမယ်ထင်ကြတုံး. . . (အသခ်တ လာမှာ ပါဘုရား)၊အသခ်တ လာလို့ရှိရင် ခင်ဗျားရှုနေတဲ့ ဉာဏ်ဟာ အသခ်တ မမြင်ပေဘူးလား. . . (မြင်ပါတယ် ဘုရား)၊

## သေသွားလည်း မကြောက်နဲ့တော့

အဲဒါကြောင့် အသခ်တဆိုတာ နိဗ္ဗာန် ဒကာ ဒကာမတို့ အဲဒါကြောင့် ဒါလေးမြင်ပြီးလို့ရှိရင် ခင်ဗျားတို့သေချင် သေပါတော့ ဘာဖြစ်လို့တုံး မေးတဲ့ အခါကျတော့ ဒါတစ်ခါ မြင်ပြီးသေတော့၊ နေလို့ရလည်း နေသေးတာပေါ့၊ သေသွား လည်းမကြောက်နဲ့တော့ အပါယ်လေးပါး တံခါးပိတ်သွားပြီ၊ ဦးမြ ဘာတဲ့တုံး. . . (အပါယ်လေးပါး တံခါးပိတ်ပါပြီဘုရား)၊

အပါယ်လေးပါး ပိတ်ပြီတဲ့၊ ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသ ဆိုတဲ့ ဥစ္စာကော ပယ်ပြီးသား မကျဘူးလား. . . (ကျပါတယ်ဘုရား)၊ပြီးတော့ ဝိနိပါတိက ဘေးဆိုတာကော၊ အခုတော့ ဒကာ ဒကာမတွေသေလို့ရှိရင်ဖြင့်တဲ့ အခု ကြောက်နေရတာက အခုလိုသစ်ရွက်တွေခြောက်တဲ့အချိန်မှာ အပင် ကိုင်လှုပ်လိုက်တဲ့အခါကျတော့ မောင်အောင်ချီရေ ကျချင်သလို သစ်ရွက်တွေမကျဘူးလား. . . (ကျပါတယ်ဘုရား)။

## မမြဲတဲ့ ကုသိုလ်တွေကတော့

တချို့က မီးဖိုထဲကျမယ်၊ တချို့က ကျင်ကြီးပုံပေါ် ကျမယ် တချို့ကနွားချေးပုံပေါ်ကျမယ်၊ မြဲရဲ့လား. . . (မမြဲပါဘုရား)၊အဲ အခုအချိန်မှာ ခုနက အသခ်တ မမြင်ရ သေးလို့ရှိရင် ခင်ဗျားတို့ သေလို့ရှိရင် ဘယ်သူမှ မကယ်နိုင် ဘူးတဲ့၊ သစ်ပင်လှုပ်ချသလို

ကျချင်သလို ကုဋ္ဌီထဲရင်လည်း ပိုးလောက်ဖြစ်အောင် ကျချင်ကျမယ် ဒယ်အိုးထဲရင်လဲ အပါယ်လေးပါး ကျချင်ကျ သွားမယ်. . . ဝိနိပါတိက ဘေးကမလွတ်သေးဘူး. . . (မှန်ပါ)၊ သဘောပါကြပလား. . . (ပါ ပါပြီဘုရား)။

ဝိနိပါတိက ဘေးက. . . (မလွတ်သေးပါဘူးဘုရား)၊ တပည့်တော်တို့ ပြုထားတဲ့ ကုသိုလ်တွေ မကယ်တော့ဘူး လား ဘုရားတဲ့- အို. . . မင်းတို့ လုပ်ထားတဲ့ ကုသိုလ်က မမြဲတဲ့ ကုသိုလ်လုပ်ထားတာ. . . ဦးမြကျေနပ်ပလား. . . (ကျေနပ် ပါပြီဘုရား)။

နိယတ ကုသိုလ်လား၊ အနိယတ ကုသိုလ်လား. . . (အနိယတကုသိုလ် ပါဘုရား)၊အနိယတကုသိုလ် မမြဲတဲ့ ကုသိုလ် လုပ်ထားတော့ ဒါ. . . ဥပရိမိဖုရားကြီး၊ လှူပ်ချလိုက်တာပေါ့ နွားချေးပိုးထိုးသွားဖြစ်တယ် သေတော့ ဝိနိပါတိက ဘေးသင့် လိုက်တာ. . . (တင်ပါ)၊ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

## မလ္လိကာ မိဖုရားကြီး

ပရမ်းပတာ ဖြစ်သွားလိုက်တာ၊မိဖုရားကြီးက နွားချေး ပိုးထိုးသွားဖြစ်တယ်ဆိုတော့ကောင်းသေးရဲ့လား. . . (မကောင်းပါဘူးဘုရား)၊မလ္လိကာမိဖုရားကြီးလည်း တစ်ခါ တည်းလှူပ်ချလိုက်တာပဲ အသဒိသ ဒါနလှူတဲ့ အလှူကြီး သူ့ထက်ကြီးတာတော့ ဘုရားတစ်ဆူမှ တစ်ခါရှိတာ အဲဒါ

လှူပ်ချလိုက်တာ အဝီစိ ရောက်သွားတယ်။

ဘာဖြစ်လို့တုံးဆိုတော့ ခုနကအသခ်တ ဘက်ကို ဉာဏ်က မရောက်သေးသ၍ ကာလပတ်လုံး မမြဲသေးဘူးလို့ မှတ်လိုက်ပါ၊ ရှင်းလား. . . (ရှင်းပါပြီဘုရား)၊အသင်္ခတ ဘက်ကို ဉာဏ်တစ်ချက်မှ မစိုက်လိုက်ရသေးရင်ဘာတုံး. . . (မမြဲသေးပါဘူးဘုရား)၊ခင်ဗျားတို့ခန္ဓာဟာ သစ်ပင်လှူပ်ချသလို သွားလိမ့်ဦးမယ် ပရမ်းပတာသွားမယ်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဒီနည်းရအောင်သာပေးပါတော့

တယ်ကြောက်စရာကောင်းပါလား. . . (ကောင်းပါတယ်ဘုရား)၊ ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘုန်းကြီးက အရှင်ဘုရား ဒီနည်းရအောင်သာ ပေးပါတော့လို့ တောင်းယုံမှတစ်ပါး ခင်ဗျားဒိပြင်ဟာ ဘာမှပြောစရာတောင် မလိုဘူး ကောင်းပြီ တပည့်တော်တို့ ဒီပရမ်းပတာကျတဲ့ ဘေးတော့ လွတ်ပရစေတော့ဘုရားဆိုပြီး အတင်းအဓမ္မသာ ကပ်ရပ်ပြီးတော့လုပ်ပါတော့မယ်ဆိုတာ တာဝန်ခံဖို့ပဲရှိတယ်. . . (တင်ပါ)၊ ကိုယ့်ကိုယ်ကို သနားရင်လေ. . . (တင်ပါ)။

ကိုယ့်ကိုယ်ကို သနားရင် ဘာတုံး. . . (တာဝန်ခံရမှာပါဘုရား)၊တာဝန်ခံပြီး လုပ်ပါတော့မယ်ဘုရား ဒီဘေးကို အခုစားဝါးနေတာတွေလည်း အလကား၊ အခုချမ်းသာနေတာတွေလဲ . . . (အလကားပါဘုရား)၊အလကား ဘာမှ

**အသုံးမကျဘူး၊** ဒီပရမ်းပတာဘေးလွှတ်မှုပဲ ကိစ္စပြီးတော့ တယ်၊ အင်း . . . ဒီနေ့လူ၊ နက်ဖြန်ခွေးဆိုတော့ ကတပါပဇာတ် မှာလာတဲ့ **ဒီနေ့အဘွားကြီး**ပဲ၊ နက်ဖြန် ခွေးကြီးပဲ. . . (မှန်ပါ)၊**မထင်ရှားဘူးလား. . .** (ထင်ရှားပါတယ် ဘုရား)။

## တစ်ကိုယ်လုံးဟာ သခ်ၤတချည်းမှတ်

**အဲဒါ ဘာဘေးသင့်**တာတုံးဆိုရင် ဦးအောင်ဇံဝေ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊ဝိနိပါတိကဘေး. . . (မှန်ပါ)၊နိဗ္ဗာန်တစ်ခါမှ မမြင်လို့သင့်တာတဲ့၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ကြောက်စရာဘယ်လောက်ကောင်းတုံး. . . (ကောင်းပါတယ်ဘုရား)၊ပေါ်ကြပလား . . . (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် **သခ်ၤတနယ်**အဆုံးလေးလိုက်ဖို့ရာဟာ သခ်ၤတ ဘယ်မှာ**ရှိသတုံးဆိုတာ**လေး ဦးအောင်ဇံဝေ က မေးဖို့လိုလာ တယ်၊ ဟောဒီတစ်ကိုယ်လုံးဟာ သခ်ၤတချည်းမှတ်ပါ. . . (မှန်ပါ)၊ တစ်ကိုယ်လုံးဟာ ဘာတုံး. . . (သခ်ၤတပါဘုရား)။

စတုဟာပါယေဟိစဝိပ္ပမုတ္တောဆိုတဲ့အပါယ်လေးပါး ကော. . . (လွတ်ပါတယ်ဘုရား)၊လွတ်သွားပြီတဲ့၊ နိယတ ဂတိကောတဲ့ သေသည့် အခြားမဲ့၌ မြဲသွားပြီတဲ့. . . (တင်ပါ)၊ **မြဲသွားပြီ**တဲ့ သဘောပါကြပလား. . . (ပါပါပြီဘုရား)။

## မြည်တယ်၊ တွန်တယ်လို့ မအောက်မေ့ပါနဲ့

အဲဒါကြောင့် ခင်ဗျားတို့က မြည်တယ်၊ တွန်တယ်လို့ လည်း ဒီဒကာ ဒကာမတွေက မအောက်မေ့ပါနဲ့. ခင်ဗျားတို့က အရေးမကြီးထိုက်တာကြီးပြီး၊ ကြီးထိုက်တာ မကြီးလို့ပြော နေပါတယ်. . . (မှန်ပါ)၊ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အရေးမကြီးထိုက်တာတော့. . . (ကြီးနေပါတယ် ဘုရား)၊ကြီးထိုက်တာကို. . . (မကြီးပါဘုရား)၊အဲတော့ ဒီပုဂ္ဂိုလ်ဟာ ကိုယ့်ကိုယ်ကိုသနားတဲ့ပုဂ္ဂိုလ်လား၊ မသနားတဲ့ ပုဂ္ဂိုလ်လား. . . (မသနားတဲ့ ပုဂ္ဂိုလ်ပါဘုရား)။

ကိုယ့်ကိုယ်ကို မသနားတဲ့ ပုဂ္ဂိုလ်လောက် လောကမှာ အရှုံးကျတာတော့ ဦးမြကြီးတွေ့ဖူးကြလား. . . (မတွေ့ဖူး ပါဘူးဘုရား)၊မရှိတော့ဘူး၊ ကိုယ့်ကိုယ်ကို မသနားတဲ့ ပုဂ္ဂိုလ် မှ လောကကြီးထဲ ဆိုးဝါးတာဖြင့် ဘာမှပြောဖို့ မလိုတော့ပါ ဘူးဆိုတော့ ဒါကြောင့် ကိုယ့်ကိုယ်ကိုမသနားတဲ့ ပုဂ္ဂိုလ် ဆိုတာက သံတနယ်က လွန်တဲ့ဆီကို အလုပ်ထားတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်ကိုယ်ကိုသနားတဲ့ ပုဂ္ဂိုလ်. . . (တင်ပါ)။

## မိုက်လုံးသန်နေတယ်

သံတနယ်ထဲတင်နေမယ်ဆိုတဲ့ ပုဂ္ဂိုလ်က ကိုယ့်ကိုယ် ကိုမသနားတဲ့ ပုဂ္ဂိုလ်၊ ပရမ်းပတာ ဘေးရှိလျက်နဲ့ ပရမ်းပတာ ဘေးကို သူမရှောင်မကွင်းနိုင်သောကြောင့် မိုက်လုံးသန်နေ

တယ်လို့ ဦးအောင်ဇံဝေဆိုတော့. . . (ဆိုနိုင်ပါတယ်ဘုရား)။

အေး. . . ဒါကြောင့် တပည့်ဒကာ ဒကာမတွေ အရင်း တွေမို့ ခင်ဗျားတို့ကြီးတဲ့အရေးဟာ ပရမ်းပတာ ဘေးသင့်ဖို့ အရေး၊ ခင်ဗျားတို့ကြီးနေတဲ့ အရေးက. . . (ပရမ်းပတာ ဘေးသင့်တဲ့အရေးပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့်ဘုန်းကြီးက အရေးကြီးတာက ပရမ်းပတာဘေးက လွတ်ဖို့အရေးကြီးကြလို့ပြောတာ. . . (တင်ပါ)၊ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ယမက၊ ဥစ္ဆေဒဒိဋ္ဌိဖြစ်နေတယ်

ကဲဒါဖြင့် အခုဒီဘုရားနဲ့တွေ့ပြီး ဘုရားရဲ့ တရားနာ လျက်နဲ့တောင်မှ ယမကမှာ ဥစ္ဆေဒဒိဋ္ဌိဖြစ်နေတာ၊ မဖြစ်ဘူး လား. . . (ဖြစ်ပါတယ်ဘုရား)၊ရဟန္တာသေရင်ဘာမှ မဖြစ် တော့ဘူးဆိုတော့ ရဟန္တာမရှိတာ သူရဟန္တာလုပ်ထားတော့ မဆိုးဝါးဘူးလား. . . (ဆိုးဝါးပါတယ်ဘုရား)။

ဒါနဲ့ ရှင်သာရိပုတ္တရာသွားတိုင်တော့ ရှင်သာရိပုတ္တရာ က အေး. . . ကွာ၊ ငါပဲရှင်းပါ့မယ်ဆိုပြီး၊ လိုက်လာပြီးပြော တယ်၊ ပြောတဲ့အခါကျတော့မှ သူတရားဟောတယ်၊ ရှေးဦး စွာ တရားဟောလိုက်တယ်၊ ပြောစမ်းပါဦးကွ၊ မင်းအယူလေး ပြောစမ်းပါဦးကွ၊ တပည့်တော်ဘုရားဆီက တရားနာခဲ့

တယ်ဘုရား၊ ရဟန္တာသေရင်ဘာမှ **မဖြစ်ဘူးဆိုတာ သဘော** ကျတယ်။

ရဟန္တာသေရင် ပျောက်ပျက်သွားတာပဲ ဘာမှမဖြစ်တော့ဘူးဆိုတော့ သခ်ိတ အသခ်ိတကွဲရဲ့လား. . . (မကွဲပါဘူးဘုရား)၊တယ်နာပါလားဗျ. . . (နာပါတယ် ဘုရား)၊ သခ်ိတ **အသခ်ိတမကွဲတာတယ်နာတယ်. . . (နာပါတယ် ဘုရား)။**

## ယမက ရဟန်းသောတာပန်တည်တယ်

ကိုင်းဒါဖြင့် မင်းကွာ. . . ငါမေးစမ်းပါရစေဦး၊ မင်းမှာ ခန္ဓာဘယ်နှပါးရှိတုံး. . . (ငါးပါးရှိတယ်ဘုရား)၊အဲဒီငါးပါး ကွာကဲ. . . မင်းဉာဏ်နဲ့ဖြစ်မှု ပျက်မှုလေး ရှုစမ်းပါကွ၊ ရုပ်ဟာ အနိစ္စလား၊နိစ္စလားမေးလိုက်တယ်. . . (အနိစ္စပါ ဘုရား)၊သူက ဖြေတာပဲ၊ အဲဒီ အနိစ္စဒိဋ္ဌိလေးဟာ ဒုက္ခလား၊ သုခလားလို့ မေးလိုက်တော့ ဒုက္ခလို့ဖြေတာပဲ။

အဲဒီ **အနိစ္စ၊ ဒုက္ခဖြစ်တဲ့တရားကို** ရုပ်တရားကို မင်းသည် ကားလို့ဆိုရင် ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဉစ္စာလို့ ဆိုနိုင်ရဲ့လား. . . (မဆိုနိုင်ပါဘူးဘုရား)၊**အနတ္တပေါ့**ဘုရား၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒီလိုဟောဟောပြီးသကာလ သွားတာနဲ့၊ သညာကွန္ဓာ ဉာဏ်စိုက်ပြီး နာလိုက်တာနဲ့ ဦးမြ သောတာပန်တည်သွားပြီ. . . (မှန်ပါဘုရား)၊ဒါဖြစ်ပျက်လုပ်လိုက်တာနဲ့သောတာပန်

တည်တာ. . . (တင်ပါဘုရား)၊ညဏ်သုံးညဏ်နဲ့ တက်သွားပြီ၊ ရှင်းပြီနော်. . . (တင်ပါ)။

## ရုပ်ကို ရဟန္တာခေါ်မလား

အဲဒီတော့မှ ရှင်သာရိပုတ္တရာက သူ့လူလည်း သောတာပန်တည်မှန်း သိတော့မှမောင်အောင်ချီရေကောက် မေးတယ်၊ ယမက ရုပ်ကို ရဟန္တာခေါ်မလားကွ. . . (မခေါ်ပါဘူးဘုရား)၊ ဝေဒနာ ရဟန္တာခေါ်မလား. . . (မခေါ်ပါဘူးဘုရား)၊ ငါးပါးလုံး စေ့အောင်မေးလည်း မခေါ်ဘူးလို့ ဖြေတယ်။

ဒါဖြင့်ကွာ ရုပ်မှတစ်ပါး မင်းဟာခေါ်မှာလား. . . (မခေါ်ပါဘုရား)၊ ရုပ်မှတစ်ပါးလည်း ခေါ်စရာမှ မရှိတာဘဲ၊ ဝေဒနာမှ တစ်ပါးခေါ်မှာလား ခေါ်စရာလည်းမရှိဘူး၊ ဒါဖြင့် ရုပ်နာမ်ခန္ဓာငါးပါးစလုံး ရဟန္တာခေါ်မလားလို့ မေးပြန်တယ်. . . (မခေါ်ပါဘူးဘုရား)။

ဒါဖြင့် ရုပ်နာမ်ခန္ဓာငါးပါးမှတစ်ပါး တခြားသောတရားကို မင်းရဟန္တာ ခေါ်မလားလို့ မေးပြန်တော့ ဘယ့်နဲ့ ဖြေကြမတုံး. . . (မခေါ်ပါဘုရား)၊ ဒါ ရှင်းသွားပြီ. . . (တင်ပါ)၊ ရှင်းသေးဘူးလား. . . (ရှင်းပါပြီဘုရား)၊ ဒါသောတာပန်တည်ပြီးမှ အဖြေတွေနော်. . . (မှန်ပါဘုရား)။

ဒါဖြင့်ကွာ မင်းနဂိုတုန်းကယူထားတာလေးက ရဟန္တာသေရင် ဘာမှ မဖြစ်ဘူးဆိုတာလေးဟာ မင်းဘယ့်နဲ့ပြောနေ

တာတုံး၊ ဖွတ်မြီးနဲ့ဖွတ်ချည်ဆိုပြီး သကာလ ဦးအောင်ဇံဝေ သူပြန်မေးတာပဲ၊ တပည့်တော် အဲဒါ နဂိုက ဒိဋ္ဌိမကွာခင် တုန်းက မိုက်တုန်းက အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ တွေရှိနေတုန်းက တပည့်တော် ယူတဲ့ အယူတွေပါဘုရား။

## ဒီအယူကို မယူပါဘူး

အခုတော့အရှင်ဘုရားတည်းဟူသော သူတော်ကောင်းကြီးနဲ့ပေါင်းပြီး တရားထူး တရားမြတ်တွေနာရပြီး ကိုယ်ကိုယ်တိုင် ဉာဏ်ရောက်ပြီး ကျင့်ရတဲ့အတွက် တပည့်တော် သစ္စာသိတဲ့ သင်္ခတကအသင်္ခတဖြစ်တဲ့ သစ္စာသိတဲ့ ဉာဏ်ရသွားတဲ့အတွက် တပည့်တော်သည် ဒီအယူကိုမယူပါ ဘူးဘုရား၊ ပေါ်သွား ပလား. . . (မှန်ပါ)။

ကိုင်းဒါဖြင့်ကွာ၊ နေရာကျပြီ မင်း ဒီရဟန္တာမရှိဘူး၊ သို့သော်လည်းကွာတဲ့ မင်းကနဂိုက ဗွေဖေါက်ထားတဲ့ ပုဂ္ဂိုလ် ဖြစ်တယ်၊ဦးမြကြီး သူနဂိုက ဘာလုပ်ထားတာတုံး. . . (ဗွေဖေါက်ထားတာပါဘုရား)၊ဗွေဖေါက်ထားတာ၊ ဥစ္ဆေဒဒိဋ္ဌိနဲ့ ဗွေဖေါက်ထားတဲ့ သူဖြစ်နေတာ။

## ရဟန္တာသေရင် ဘယ်သွားတုံး

မင်းများအခုအချိန်မှာ ငါကတော့ မမေးပါဘူးကွာ မင်းသူငယ်ချင်း မိတ်ဆွေတွေက မေးတော့ ရဟန္တာသေရင်

ဘယ်သွားတုံးလို့ မင်းများတိုက်ရိုက် မေးလို့ရှိရင် အခုအခါမှာ ဘယ်လို ဖြေမတုံးမေးတာဘဲ တပည့်တော်ဖြင့် အခု ဖြေရမှာက တပည့်တော်ဖြေပါ့မယ်ဘုရားဆိုပြီး အဲဒါ သောတာပန်၏ အမြင်နဲ့ ဖြေတော့မယ်လို့ ဦးအောင်ဇံဝေ မှတ်လိုက်. . . (တင်ပါ)။

ခန္ဓာငါးပါးဟာ အနိစ္စတရားပါဘုရား၊ ၎င်းအနိစ္စဟာတဲ့ ဒုက္ခအစစ်ပါပဲ၊ ရှင်းတယ်နော်. . . (ရှင်းတယ်နော်)၊ခန္ဓာငါး ပါးဟာ အနိစ္စတရားနော်. . . (တင်ပါ)၊၎င်းအနိစ္စဟာဘာ တဲ့. . . (ဒုက္ခပါဘုရား)၊ ဒုက္ခတရား၊ အဲဒီဒုက္ခဆိုတဲ့ သင်္ခတ တရားတွေဆုံးသွားပြီလို့ တပည့်တော်ဖြေမှာပါပဲ၊ ရှင်းပ လား. . . (ရှင်းပါပြီဘုရား)။

## ဒုက္ခဆုံးတာ နိဗ္ဗာန်

ဒုက္ခဆိုတဲ့ သင်္ခတတရားတွေ. . . (ဆုံးသွားတာ ပါဘုရား)၊ဒါဖြင့်ဒုက္ခဆုံးတာ နိဗ္ဗာန်ခေါ်တာပဲ. . . (တင်ပါ)၊ နောက်က ဒကာ ဒကာမတွေ ဘယ်လိုမှတ်ကြမတုံး. . . (ဒုက္ခဆုံးတာ နိဗ္ဗာန်ပါဘုရား)၊ဒုက္ခဆုံးတာ နိဗ္ဗာန်ခေါ်တယ် ဆိုတာ အားလုံးသေသေချာချာ မှတ်စမ်းပါ. . . (မှန်ပါ)။

မြို့ကြီးလား၊ ပြကြီးလား ဦးမြကြီး. . . (မဟုတ်ပါ ဘုရား)၊ဒုက္ခဆုံးတာနော် မရှိဘူးလား၊ ရှိသလားဆိုတော့၊ ဒုက္ခရှိနေတော့ကိုတဲ့ ဒုက္ခဆုံးတာရှိတာပဲ. . . (တင်ပါ)။

## ဖက်ခွက်နာကြီး ပေါက်နေတယ်

ကိုင်း ဒါဖြင့် အားလုံးလူငယ်တွေ နားလည်အောင် ရှင်းပေးလိုက်ပါဦးမယ်၊ ဒုက္ခဆုံးတာဆိုတာ ဒကာ ဒကာမတို့ တခြားမဟုတ်ပါဘူး၊ ဥပမာမယ် မောင်ဇီဝလက်မှာ ဖက်ခွက်နာကြီး ပေါက်နေတယ်ဆိုကြပါစို့၊ အောင့်အင်းခံနေရတယ် မောင်ဇီဝနော်. . . (မှန်ပါ)။

ကဲ. . . ကုဆေးနဲ့ ပလာစတာတွေနဲ့ကပ်ပြီး ကုလိုက်တဲ့ အခါကျတော့ ပျောက်သွားတယ်၊ ဘယ်နေရာမှာ ပျောက်သတုံးဆိုတော့နာတဲ့နေရာမှာပျောက်ရမယ်. . . (မှန်ပါ)၊ ဘယ်နေရာမှာ ပျောက်တုံး. . . (နာတဲ့နေရာမှာ ပျောက်ပါတယ်ဘုရား)။

ဒီလက်မောင်းမှာ ဟိုဘက်ကတိုင်းလေးလက်မ၊ ဒီဘက်ကတိုင်းလည်းလေးလက်မ အလယ်မှာပေါက်နေတယ်ဆို၊ လေးလက်မ အလယ်မှာပဲ ဒုက္ခရှိတာပဲ. . . (တင်ပါ)၊ ပျောက်တော့လေးလက်မအလယ်မှာပဲ ပျောက်တယ်. . . (တင်ပါ)၊ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

## ဒီနေရာမှာပဲ ပျောက်သွားတယ်

လေးလက်မအလယ်မှာအနာပေါက်တယ်၊ ပျောက်တော့ကော လေးလက်မအလယ်မှာ ပျောက်တယ်၊ ဟိုဘက်လေးလက်မ ဒီဘက်လေးလက်မ အလယ်မှာပဲ ပျောက်တယ်ဆို

တာကျေနပ်ပလား. . . (ကျေနပ်ပါတယ် ဘုရား)။

ဒီမှာလည်း ဒီခန္ဓာထဲမှာပဲ ဖြစ်ပျက် ဒုက္ခတွေရှိတာပဲ သဘောကျပလား. . . (ကျပါပြီဘုရား)၊ဒီခန္ဓာပဲ ပျောက်သွားတာပဲ၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊ဒီခန္ဓာပဲ ပျောက်သွားတယ်ဆိုတော့ဩော်. . . ဒါဖြစ်ပျက်တရားပဲဆိုတဲ့ ဥစ္စာမပေါ်လာသေးဘူးလား. . . (ပေါ်လာပါတယ် ဘုရား)။

ဩော်. . . ပျောက်သွားတဲ့ သဘောပဲဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)၊ပျောက်တာလည်း ဒီနေရာပဲနော်၊ ပေါက်တာလည်း ဒီနေရာ၊ ပျောက်တာလည်း ဒီနေရာဆိုတာ ကျေနပ်ကြပလား. . . (ကျေနပ်ပါတယ်ဘုရား)။

ဒါဖြင့် ပေါက်တာ ဒုက္ခသစ္စာ. . . (မှန်ပါ)၊ပျောက်တာ ဒုက္ခဆုံးတာ. . . (မှန်ပါဘုရား)၊ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ပေါက်တာ. . . (ဒုက္ခသစ္စာပါဘုရား)၊ပျောက်သွားတာက. . . (ဒုက္ခဆုံးတာပါဘုရား)၊ဒုက္ခဆုံးတာ။

## ဒုက္ခတွေကုန်သွားပြီ ဆုံးသွားပြီ

ဒါကြောင့် ရဟန္တာတွေ၊ သောတာပန်တွေ၊ သကဒါဂါမ်တွေ အနာဂါမ်တွေ သူတို့ဆိုင်ရာ ဒုက္ခတွေဆုံးပြီး သကာလနေတော့ ကျုပ်တို့လိုပဲသွားလျက်၊လာလျက်၊ ဆွမ်းတို့ ဘာတို့စားလျက်၊ သောက်လျက်ပါပဲ. . . (တင်ပါ)၊ ပျောက်

တာက ဒီအထဲတင် ပျောက်နေတာကို. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ဒုက္ခဆုံးတယ်လို့ တပည့်တော်ဖြေပါ့မယ်ဘုရား ခန္ဓာငါးပါး အနိစ္စတရား၊ ၄င်းတရားဟာဒုက္ခပဲ၊ အဲဒီဒုက္ခတွေကုန်သွားပြီ၊ ဆုံးသွားပြီလို့ တပည့်တော်ဖြေရုံပါပဲတဲ့ ရဟန္တာသေ ဘယ်သွားတယ်လို့ သူမပြောတော့ဘူး ပြောသေးရဲ့လား. . . (မပြောပါဘူးဘုရား)။

## ရှိနေတာ ဘယ်တော့ပြီးမှာလဲ

ဒါဖြင့် အားလုံးဒကာ ဒကာမတွေ ယနေ့ သောတာပန်မြင်တဲ့နိဗ္ဗာန် သဘောကျပလား. . . (ကျပါပြီဘုရား)၊ ဒုက္ခဆုံးတာပဲ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ဒါဖြင့် ရှုကြပါတဲ့၊ ရှုကြတဲ့အခါကျလို့ တပည့်တော် ဘယ်တော့ ရှုနေတာပြီးမှာလဲ အရှင်ဘုရား၊ အရှင်ဘုရားဆီက ဘယ်တော့ ပြန်ရမှာတုံး တပည့်တော်တို့မှာ သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ မင့်ခန္ဓာကြီးက ဒုက္ခသစ္စာကြီး၊ ဖြစ်ပျက် ဖြစ်ပျက် အနိစ္စ၊ ဒါဆုံးရင် ပြန်တော့ဟေ့. . . (တင်ပါ)၊ဆိုတော့ ဒုက္ခဆုံးပြန်ရုံပဲရှိတာ ခုနက ပြောခဲ့တဲ့ ဝိနိပါတိက ဘေးတွေ၊ ပရမ်းပတာကျတဲ့ ဘေးတွေ ဘယ်နဲ့တုံး လွတ်ပလား၊ မလွတ်ဘူးလား. . . (လွတ်ပါတယ်ဘုရား)၊ဒုက္ခဆုံးရင် လွတ်တာပဲ၊ တစ်ခါမြင်ပြီး လွတ်တာပဲ၊ သဘောပါ ကြပလား. . . (ပါပါပြီဘုရား)။

## ကိုယ့်ညဏ်ထဲ ဒုက္ခပျောက်သွားတယ်

ကောင်းပြီ ဒါဖြင့် ရှုနေရင်း မတ်တတ်နဲ့ ခန္ဓာကိုယ်ကြီးဟာလည်းရှာမတွေ့ဘူး၊ ဆုံးသွားတယ်၊ ရှုရင်းမတ်တတ်နဲ့ဒါဒုက္ခသစ္စာကြီးပါလားလို့ တိတိကျကျပဲ ဆုံးဖြတ်ချက် ချရော ခန္ဓာပျောက်သွားတယ်၊ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ဒါက ကိုယ့် ညဏ်ထဲပျောက်တာနော်၊ ခန္ဓာကတော့ရှိလျက်ပဲ. . . (တင်ပါ)။

ခန္ဓာကတော့ရှိလျက်ပဲ၊ကိုယ့်ညဏ်ထဲမှာ ဘယ်နဲ့တုံး. . . (ပျောက်သွားပါတယ်ဘုရား)၊ပျောက်သွားတော့ ညဏ်ထဲမှာ ဒုက္ခပျောက်သွားတာပဲ တွေ့လိုက်တယ်၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

နဂိုက ကိုယ်ခန္ဓာက ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)၊ရှာတွေ့သေးရဲ့လား. . . (မတွေ့ပါဘူးဘုရား)၊ မတွေ့တော့ ရှုနေတဲ့ ယောဂီပုဂ္ဂိုလ်က မင်းဘာမြင်သတုံး မေးတော့ ဒုက္ခပျောက်တာမြင်တယ်လို့သူပြောမှာပဲ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဒုက္ခပျောက်တာနိဗ္ဗာန်

ဒါဖြင့် ဒုက္ခပျောက်တာ နိဗ္ဗာန် မြင်တာမဂ်ညဏ်ဖိုလ်ညဏ်၊ပစ္စဝေက္ခနာညဏ် သေချာပလား. . . (သေချာပါပြီဘုရား)၊အဲဒါ ကိုယ့်ဟာကို အသိဆုံးလို့မှတ်လိုက်၊ ဒါနဲ့ ဒကာ၊

ဒကာမတို့ ဒီနေ့ သူသောတာပန်တည်ပြီးလို့ အဖြေမှန်ထွက်သွားပြီဆိုတာလည်း ဦးအောင်ဇံဝေ ရိပ်မိပြီ. . . (ရိပ်မိပါပြီဘုရား)၊ရိပ်မိသွားပြီနော် ဦးမြကော ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ကဲ. . . ယနေ့ ရှေ့တရားဆက်တော့မယ်တဲ့ ဟော့ယမက မင်းဖြေပုံ ကွာ၊ မင်းသမ္မာဒိဋ္ဌိဘက် သက်ဝင်လာတဲ့အတွက် အဖြေမှန်လိုက်တာ၊ ဒုက္ခ ဆုံးသွားတယ်လို့ဖြေတယ်၊ သာဓု. . . သာဓု၊ ဟော့. . . ဆိုပြီးသကာလရှင်သာရိပုတ္တရာ က သာဓုခေါ်တယ်။

## သုံးမဂ်ကျန်သေးတယ်

သို့သော်လည်း ကရုဏာကြီးတဲ့ ပုဂ္ဂိုလ် ဖြစ်နေတော့ ဩော်. . . သူတစ်မဂ်သာရသေးတယ်၊ သုံးမဂ်ကျန်သေးတယ်၊ သုံးမဂ်အတွက်ငါရအောင် ဟောဦးမယ်၊ ဒကာ ဒကာမတို့ ဘယ်နှမဂ်ရအောင် ဟောဦးမတဲ့တုံး သုံးမဂ်ရအောင်ဟောဦးမယ်တဲ့။

အဲတော့ ဒီနေရာမှ ဒီလို ကျမ်းဂန်တွေနဲ့ မတွေ့ဘူးဆိုလို့ရှိရင်ဖြင့် ဦးမြတို့ ဦးအောင်ဇံဝေတို့ သူဟောချင်ရာဟောမှာပဲနော်၊ ကဲ. . . ဒါဖြင့် မနေ့ကလည်း ရှင်းခဲ့ပါတယ်၊ သူသောတာပန်တည်သွားတာဟာ သူ့ဥစ္စေဒဒိဋ္ဌိပြုတ်တာနဲ့ တည်သွားတယ်၊ ဒါဖြင့်ဒိဋ္ဌိပြုတ်တာနဲ့ဘာတည်သွားတုံး. . . (သောတာပန်တည်သွားပါတယ်ဘုရား)။

## သောတာပန်တည်ချင်ရင်ဒိဋ္ဌိပြုတ်အောင်လုပ်

ဒါကြောင့်သောတာပန်တည်ချင်ရင် ဘာမှမလုပ်နဲ့ ဒိဋ္ဌိပြုတ်ဖို့ ပဲအရေးကြီးတယ်၊ ကိုင်း. . . ဒါဖြင့် သက်သေ သာဓက လုံလောက်ပြီးသွားတဲ့အတွက်တဲ့ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတည်အောင် ကျတော့ဒိဋ္ဌိဖြုတ်ရဦးမှာလား ဆိုတော့ ဦးအောင်ဖဲဝေ နဂိုကအမြစ်နှင့်တကွ ပြတ်ပြီးသား၊ သောတာပန်တည် ကတည်းကပြုတ်ခဲ့ပြီ၊ ဒိဋ္ဌိပြန်ဟောနေဖို့ လိုသေးလား. . . (မလိုတော့ပါဘူး ဘုရား)။

## တဏှာကျန်နေတယ်

မလိုလို့ရှိရင်ဖြင့် သူကျန်တာဟောမှ ကိုက်တော့ မယ်. . . (တင်ပါ)၊ သူကျန်တဲ့ တရားချုပ်နည်းဟောမှ တော် တော့မယ်၊ ဒါဖြင့်ဒိဋ္ဌိပြုတ်ငြားသော်လည်း တဏှာကျန်နေတယ်၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)၊ ဘာကျန်နေတုံး. . . (တဏှာကျန်နေပါတယ်ဘုရား)၊ တဏှာ ကျန်နေတယ်တဲ့ အဲဒီတဏှာဖြုတ်တာကို ရှင်သာရိပုတ္တရာ ဟောလိမ့် မယ်. . . (တင်ပါ)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)၊ အင်း ဘာဟော မယ်ထင်တုံး. . . (တဏှာ ဖြုတ်တဲ့တရား ဟောမှာပါဘုရား)။

## သူဌေးသားနဲ့ လူမိုက်ငါးယောက်

တဏှာဖြုတ်တာဟောလိမ့်မယ်ဆိုတာ သေသေချာချာ မှတ်ပါ၊ ကိုင်း. . . ဒါဖြင့် တဏှာပြုတ်တာ ဟောတော့မယ် ဆိုတော့ရှင်သာရိပုတ္တရာက ဥပမာလေးတစ်ခုပြတယ်၊ ကွာ. . . တဲ့သူဌေးသား တစ်ယောက်ရှိတယ်ကွတဲ့၊ ဒါ ရှင်သာရိပုတ္တရာ တိုက်ရိုက်ဟောတာနော်၊ သူဌေးသား တစ်ယောက်ကိုလူငါးယောက်က သတ်ချင်တယ်၊ဒီသူဌေးသား တစ်ယောက်ကို လူမိုက်ငါးယောက်က. . . (တင်ပါ)၊ သတ်ချင်တယ်။

သတ်ချင်ပေမဲ့လည်း သူ့အိမ်ကလည်း သူကသူဌေးဖြစ် နေတော့ အစောင့်တွေ အရှောက်တွေ အလုံအခြုံတွေက များတော့ ဦးဖြလွယ်ပါ့မလား. . . (မလွယ်ပါဘူးဘုရား)၊ မလွယ်တော့ လူငါးယောက်ကြံကြတယ်၊ ဒီအတိုင်း သတ်လို့ ကတော့ကွာတဲ့ဘယ်နည်းနဲ့မှ အပြင်က နေမရဘူး၊ သူနဲ့ ရင်းနှီးအောင်ပေါင်းဖို့ အရေးကြီးတယ်။

## ရှင်သာရိပုတ္တရာကဟောတာ

ဒါရှင်သာရိပုတ္တရာဟောနေတယ်မှတ်ပါ ဘုန်းကြီးဟော နေတယ်လို့ မမှတ်ပါနဲ့၊ သူနဲ့ ရင်းနှီးအောင် ပေါင်းဖို့အရေး ကြီးတယ်ကွာတဲ့ ကဲဒါဖြင့် တို့ပေါင်းကြစို့ကွာဆိုပြီး သူဌေး

သားအိမ် ဦးအောင်ဇံဝေ ဝင်ကြတာပေါ့ဗျာ ငါးယောက်စလုံး နော်. . . (တင်ပါ)။

ဝင်ပြီးသကာလ အရှင်သူဌေးသား ကျွန်တော်တို့ ခင်ဗျားကို ပြုချင်ပါတယ်၊ စုချင်ပါတယ်၊ ခိုင်းချင်တာခိုင်းပါ၊ မကျွေးချင်လည်းနေပါ ဝတ်ပြုချင်လွန်းလို့ လာခဲ့ပါတယ် ဆိုပြီး သကာလ လူငါးယောက်က မကျွေးချင်နေပေါ့လေ. . . (တင်ပါ)။

ကျုပ်တို့ဝတ်ပြုချင်လို့၊ ခင်ဗျားကြည်ညိုလေးစားလွန်း လို့ဝတ်ပြုချင်လို့ လာခဲ့ပါတယ်ဆိုပြီးတော့ အိမ်ထဲဝင်ကြတယ်၊ အိမ်ထဲဝင်တော့ ဟိုကသူဌေးသားက သိမှမသိဘဲကို ဩော်. . . အပြုအစုလာကြတယ်လို့ပဲထင်နေတော့သူလက်ခံလိုက် တယ်. . . (တင်ပါ)။

## အပြုအစုကောင်းတယ်

လက်ခံလိုက်တော့ ဒီလူတွေကလည်း အပြုအစု ကောင်းလိုက်တဲ့ လူတွေက သူဌေးက ဘာလိုချင်တယ်ဆို ချက်ပြုတ်ပြီးပြီ၊ အင်း ဘယ်နေရာ ၊ တံခါးပိတ်ချိန်ကျရင် သူတို့က ပိတ်ပြီးပြီ၊ ဒီအထဲကနေပြီး သကာလ ဒီငါးယောက်က ဘာများ အလိုရှိသေးတုံး ဆိုတာလည်း ခဏခဏမေးတယ်၊ ဆိုတော့ တယ်တော်ပါလား လူရိပ်လူခြေ. . . သိပ်ပါးပါလားဆိုတော့ ခင်ယောင်လေးတော့မလာသေးဘူးလား. . . (လာပါတယ်

ဘုရား)၊ ခင်ယောင်လာပြီးတော့ ဒီငါးယောက်ကို. . . (မှန်ပါ)။

ခင်ယောင်လာတော့ ကိုင်း. . . နောက်ကျတော့ ခင်တာက ကြီးကျယ်၊ ကြီးကျယ်ပြီးလာတော့ ထမင်းပွဲတောင် မောင်အောင်ချီ အတူတူစားပြီ ဒီငါးယောက်က၊ မောင်မြဘာ တဲ့တုံးကွ. . . (ထမင်းပွဲ အတူတူစားပါပြီဘုရား)။

## သူဌေးသားသေတယ်

ထမင်းပွဲတောင် ဒီငါးယောက်က အတူတူစားပြီ စားတဲ့အခါကျတော့မှ သူတို့အကြံအစည်နဲ့ဝင်လာတဲ့ ပုဂ္ဂိုလ်ကျတော့ အင်း. . . ဒီအချိန်ဖြင့် တို့ကိုအတွင်းသူ အတွင်းသားအဖြစ်နဲ့ပေါင်းပြီတဲ့ တို့အကြံအစည်အောင်ပြီ၊ ဆိုပြီးသကာလ ဒီငါးယောက်ကသတ်တာပဲ၊ ဦးအောင်ဇံဝေ သူဌေးသား ဘာဖြစ်သွားတုံး. . . (သေပါပြီဘုရား)၊သေပြီ၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ဒကာ ဒကာမတို့ သူဌေးသားဘာဖြစ်သွားတုံး. . . (သေပါပြီဘုရား)၊သေသွားပြီ၊ ဒါဘယ့်နဲ့ကြောင့်တုံးဆိုတော့ ခင်မှုကြောင့်သတ်လိုက်တာပဲဆိုရင်လွဲပါ့မလား. . . (မလွဲပါဘူး ဘုရား)၊အဲဒီသူဌေးသားကွာငါးယောက်က သတ်လိုက်တာ သေတာပဲဟေ့. . . တဲ့၊ ပြောလိုက်တယ်နော်. . . (မှန်ပါ)။

ဘယ်နဲ့ကြောင့် သူတို့သတ်မိပါလိမ့်မတုံးလို့ရှိရင် အတွင်းဘယ်လိုကြောင့် ရောက်လာပါလိမ့်မတုံး မေးတဲ့

အခါကျတော့သူတို့ ပြောဆိုကောင်းလွန်းလို့နော်. . . (မှန်ပါ)၊ အသတ်ထိအောင်ပဲခံရတာ ဘယ်နဲ့ကြောင့် ပါလိမ့်မတုံး ကိုယ်ခင်မှုကြောင့် မရှန်းနိုင်တဲ့ နေရာရောက်သွားလို့၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ် ဘုရား)။

## ရှင်သာရိပုတ္တရာ ပေးတဲ့ဥပမာ

သူတို့ခင်မှုကြောင့်ကိုယ့်မှာ ပြေးစရာတောင်မှ ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)၊ ဩော်. . . ဒီမှာလည်း ကွာတဲ့ အဲဒါဥပမာလို့ မှတ်လိုက်စမ်းပါ၊ ရှင်သာရိပုတ္တရာပေးတဲ့ ဥပမာလို့ ဒကာ ဒကာမတွေ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)၊ ဘယ်သူပေးတဲ့ ဥပမာပါလိမ့်. . . (ရှင်သာရိပုတ္တရာ ပေးတဲ့ ဥပမာပါဘုရား)၊ ရှင်သာရိပုတ္တရာပေးတဲ့ ဥပမာလို့ မှတ်လိုက်စမ်းပါ။

ခင်ဗျားတို့မှာလည်းတဲ့ ဟောဒီခန္ဓာငါးပါးဆိုတာ ခင်ဗျားတို့ကဆုတောင်းယူတာလား၊ သတ်ဖို့ရာခေါ်တာလား၊ ခန္ဓာငါးပါးကိုဆုတောင်းယူတဲ့ ပုဂ္ဂိုလ်များလူသတ်ငါးယောက်ကို ခေါ်ယူတာပဲ. . . (တင်ပါ)၊ ဘာတဲ့. . . (သူသတ်ငါးယောက်ကို ခေါ်ယူတာပါဘုရား)။

နတ်ဖြစ်ရပါလို၏ဆိုတာ နတ်ခန္ဓာငါးပါးဆိုတဲ့ သူသတ်ယောက်ျား ငါးယောက်ပေါ်ဦးမှာပဲ. . . (မှန်ပါ)၊

တောင်းတဲ့လူသတ်မယ် သဘောကျပလား. . . (ကျပါပြီ ဘုရား)။

## ခန္ဓာငါးပါး လူသတ်ယောက်ျား

ပြဟ္မာခန္ဓာ ဖြစ်ရပါလို၏ ဆိုရင်ကော. . . (တောင်းတဲ့ လူသတ်မှာ ပါဘုရား)၊တောင်းတဲ့လူကို ဘယ်သူက သတ်မ တုံး. . . (ခန္ဓာငါးပါးက ပါဘုရား)၊ပြဟ္မခန္ဓာငါးပါးက သတ် မယ်. . . (တင်ပါ)။

ကိုင်း. . . ဒါဖြင့် ခန္ဓာငါးပါးဟာ သူသတ်ယောက်ျားလို့ မောင်အောင်ချိတို့၊ မောင်မြတို့မှတ်လိုက်စမ်းကွာ. . . (မှန်ပါ)၊ ကိုင်း. . . ဒါဖြင့်ဒကာ ဒကာမတို့ သူသတ်ယောက်ျားဆိုတာ မယုံပေဘူး ခင်ဗျားတို့က ဘုန်းကြီးက ချဲ့ပြောရလိမ့်မယ်. . . (တင်ပါ)၊မပြောရပေဘူးလား. . . (ပြောရမှာပါ ဘုရား)။

## ရူပက္ခန္ဓာ

ဒကာ ဒကာမတို့ တချို့ အပူချိန်ကိုပဲ (၁၁၀၊ ၁၁၂)နဲ့ပဲ သေသွားသတဲ့ဆိုတော့ရူပက္ခန္ဓာဆိုတဲ့ တေဇောဓါတ်သတ် လိုက်တာ. . . (မှန်ပါ)၊ဘယ်သူက လာသတ်တာတုံး. . . (တေဇောဓါတ်က သတ်တာပါဘုရား)၊ရေခဲတွေ ဘာတွေ အုပ်ပါလားမရဘူး၊ တေဇောက ပြင်းထန်တယ်၊တေဇော

ဓါတ်နဲ့ပဲသေသွားတာမရှိဘူးလား. . . (ရှိပါတယ်ဘုရား)၊ ဒါရူပက္ခန္ဓာက သတ်တာဆိုရင်လွဲပါ့မလား. . . (မလွဲပါဘူး ဘုရား)။

## ဝေဒနာက္ခန္ဓာ

တစ်ခါတလေကျတော့ ရူပက္ခန္ဓာက သတ်ပြီး သကာလ ဝေဒနာရ၊ အင်း. . . ကျောက်ပေါက်တဲ့ ဝေဒနာတွေနဲ့ သေသွားတဲ့ ကလေးတွေလည်း အမျိုးမျိုးမတွေ့ရဘူး လား. . . (တွေ့ရပါတယ်ဘုရား)၊အင်း. . . ဒီခန္ဓာက သတ်တာပဲဆို ရင်ကော. . . (မလွဲပါဘူးဘုရား)။

## သညာက္ခန္ဓာ

ဆုတောင်းထားတဲ့ ပုဂ္ဂိုလ်ကို. . . (ခန္ဓာက သတ်တာပါ ဘုရား)၊ဝေဒနာ က္ခန္ဓာက သတ်ပြန်ပြီ၊ တချို့ သညာက္ခန္ဓာနဲ့ အသွားမှားအစားမှားနဲ့ အမှတ်မှား သေတာတွေ ကော မရှိဘူးလား. . . (ရှိပါတယ်ဘုရား)၊ဒါဘယ်သူက သတ် လိုက်တာတုံး. . . (သညာက္ခန္ဓာက သတ်လိုက်တာပဲဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## သင်္ခါရက္ခန္ဓာ

တစ်ခါတလေကျတော့သင်္ခါရက္ခန္ဓာက သတ်တဲ့အခါကော မရှိပေဘူးလား. . . (ရှိပါတယ်ဘုရား)၊တစ်ခါတလေ ကိုယ့်စိတ်က ကိုယ့်ကို သတ်လိုက်တဲ့ အခါကော. . . (ရှိပါတယ်ဘုရား)၊ကိုယ်ဒေါသဖြစ်ရင် ကိုယ်တက်ပြီးသွား တဲ့အခါ မသေရုံတမယ်ကျန်တာ သူ့စိတ်က သူသတ်တာ၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)၊တက်သွားတာ မပေါ်လာတော့ဘူးဆိုတော့ ဘယ်သူက သတ်လိုက်တာတုံး၊ စိတ်က သတ်လိုက်တာဆိုတော့ ဝိညာဏက္ခန္ဓက သတ်တာ. . . (မှန်ပါ)။

ဒါဖြင့် ဒကာ ဒကာမတွေ ခင်ဗျားတို့မှာ ရှိတဲ့ အတွင်းသူအတွင်းသား ခင်ဗျားတို့ရှိနေတဲ့ ခန္ဓာငါးပါးဟာ ခင်ဗျားတို့ကို ဘာလုပ်မလို့ လာနေတာတုံးဆိုတာ ခင်ဗျားတို့ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊ဘယ်နဲ့ကြောင့် တုံး. . . (သတ်မလို့လာတာပါဘုရား)။

သို့သော်လည်း ခင်ဗျားတို့က မသိကြဘူးတဲ့၊ ကိုယ့်ခန္ဓာ ကိုယ်ခင်နေတာ ဘယ်လိုပါလိမ့်. . . (ကိုယ့်ခန္ဓာ ကိုယ်ခင်နေတာပါဘုရား)၊ခင်နေတာ၊ ကိုယ့်ကိုယ်မှ ကိုယ်မယုယ ဘယ်သူယုယမှာတုံးဆိုတော့ ဩော်. . . အတော်ခက်နေပါပေါ့လား၊ ခက်ဘူးလား. . . (ခက်ပါ တယ်ဘုရား)၊ ဦးအောင်ဇံဝေ. . . (ခက်ပါတယ်ဘုရား)၊ အပြီးသတ်တော့ သူ့ရည်ရွယ်ချက်က

သတ်ဖို့၊ ခင်ဗျားတို့ ဦးအောင်ဇံဝေတို့ ထံမှာ ပဋိသန္ဓေခန္ဓာ ငါးပါးအနေနဲ့ လာကတည်းကိုက ခုနက အတွင်းသူ အတွင်းသားအဖြစ်နဲ့ ကျွန်တော်မျိုးထံ ဝင်လာတာ သဘောကျ ပလား. . . (ကျပါပြီဘုရား)။

## သတ်ဖို့ဝင်လာတာ

ခန္ဓာငါးပါးသည် ခင်ဗျားတို့ ဦးမြကြီး သန္တာန်၌ ခန္ဓာငါးပါးရောက်လာတယ်ဆိုလို့ရှိရင်ပဲ အတွင်းသူ၊ အတွင်း သားအဖြစ်နဲ့ သူသည် သတ်ဖို့ဝင်လာတာပဲဆိုတာ စောစော စီးစီးမှတ်ပါ. . . (တင်ပါ)၊သဘောကျပလား . . . (ကျပါပြီ ဘုရား)။

သို့သော် ခင်ဗျားတို့ကို ဒီအတိုင်း မသတ်သေးဘူးတဲ့ သူနဲ့အတွင်း ခင်သထက်ခင်အောင် လုပ်တော့မှ ဒီခန္ဓာ ငါးပါးကြီးကို ခင်ဗျားတို့က အဝတ်ဆင်ပေး၊ ရေချိုးပေး၊ အဖိုးထိုက်ဟင်းလျာတွေ ဝယ်ကျွေးပေး၊မရှိကြဘူးလား. . . (ရှိကြပါတယ်ဘုရား)၊အဲတော့ အတွင်းသူအတွင်းသား အဖြစ်သို့ ခင်တာပိုမလာဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

အင်း. . . ဆင်ပြင်ကျွေးပြီ ဒါဖြင့် ဒီသူသတ်ယောက်ျား ငါးယောက်ကိုခင်ဗျားတို့က သူသတ်ယောက်ျားငါးယောက် သိလို့ ဆင်ကြ၊ ပြင်ကြ၊ ကျွေးကြ၊ မွေးကြတာလားတဲ့ ဒကာ ဒကာမတို့ မသိလို့ပြုတာလား. . . (မသိလို့ ပြုတာ

ပါဘုရား)၊ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)၊သိလို့ပြုကြတာ မသိလို့ပြုကြတာလား. . . (မသိလို့ပြုတာပါဘုရား)။

## သတ်မလို့ရည်ရွယ်ချက်နဲ့လာတာ

နဂိုရည်ရွယ်ချက်က သတ်ဖို့လာတာ၊ ခန္ဓာငါးပါး နဂိုရည်ရွယ်ချက်က ဘာလုပ်မလို့လာတာတုံး. . . (သတ်မလို့ပါဘုရား)၊သတ်မလို့လာတာခင်ဗျားတို့က အတွင်းသူ အတွင်းသားအဖြစ်နဲ့ အဝတ်ဝယ်ပေးလိုက်၊ ရေချိုးပေးလိုက်၊ ဆေးတိုက်ပေးလိုက် ဟုတ်ပလား. . . (မှန်ပါ)။

ကောင်းနိုးရာရာတွေဝယ်ကျွေးလိုက်၊ ဆင်ပြင်ပေးလိုက်ဆိုတော့ ဩော်. . . နဂိုက အတွင်းရောက်လာတုန်းက ကျွန်တော်မျိုးခိုင်းသမျှ လုပ်ပေးပါ့မယ်လို့ဝင်လာတယ်။ ယခုတော့ဖြင့် အတွင်းသူ၊ အတွင်းသားအဖြစ်နဲ့ မောင်အောင်ချိဆိုတဲ့ပုဂ္ဂိုလ်မောင်မြဆိုတဲ့ပုဂ္ဂိုလ် ခန္ဓာငါးပါး သူ့သတ်ယောက်ျားတစ်ခါတည်း ဆင်လိုက်၊ ပြင်လိုက်၊ ကျွေးလိုက်၊ မွေးလိုက်၊ သူ့အတွက်သာလုပ်ရလို့ရှိရင် ကိုယ်သေချင်သေပါစေဆိုပြီး သကာလ ဒီလောက်ကျအောင် အတွင်းကျကျခင်ပစ်လိုက်တဲ့ အမိပ္ပာယ်မရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား)။

အင်း ဒကာ ဒကာမတို့ တဏှာနဲ့ ခင်တာဆိုတာ သေချာကြမလား. . . (သေချာပါတယ်ဘုရား)၊ဘာနဲ့ခင်တာ တုံး. . . (တဏှာနဲ့ခင်တာပါဘုရား)၊ တဏှာနဲ့ ခင်တာ သေချာကြပြီနော်. . . (မှန်ပါ)။

## သတ်ချင်တဲ့အချိန်သတ်နိုင်ပြီ

အဲဒီလို သူ့အတွင်းရောက်ပြီး ခင်လာတဲ့အခါကျတော့ မှတဲ့ ဩော်. . . တို့သတ်ချင်တဲ့ အချိန်သတ်နိုင်ပြီဆိုတာ သူတို့ဆုံးဖြတ်ချက်ချတယ်. . . (မှန်ပါ)၊ခန္ဓာငါးပါးက. . . (မှန်ပါ)၊ခင်ဗျားတို့ အင်မတန်ခင်လာမှ အဝေးကနေသတ်မှာ လား၊ကပ်ပြီး သတ်မှာလား. . . (ကပ်ပြီးသတ်တာပါဘုရား)။

နဂိုတုန်းကတော့ ဆုတောင်းပြီးသကာလ ခေါ်တုန်းက တော့ အဝေးက ခင်လိုက်ရတာကို ဦးမြကြီးက. . . (မှန်ပါ ဘုရား)၊သဘောကျပလား. . . (ကျပါပြီဘုရား)၊ဆုတောင်း ပြီးမှ အဝေးကလာခဲ့ရတာ မဟုတ်လား. . . (တင်ပါ)။

အင်း. . . နတ်ခန္ဓာဖြစ်ရပါလို၏ဆိုတော့ ခန္ဓာငါး ပါးကြီးက ခင်ဗျားတို့ တောင်းတဲ့ ပုဂ္ဂိုလ်သန္တာန် လာဝပ် တာပဲ. . . (မှန်ပါ)၊မဝပ်ဘူးလား. . . (ဝပ်ပါတယ်ဘုရား)။

အဲတော့ ခင်ဗျားတို့က ရောက်တဲ့အခါကျလို့ရှိရင် သတ်မလို့လာတဲ့ ပုဂ္ဂိုလ်ကို ခင်ဗျားတို့က ရေချိုးမိုးချိုး၊ ပြုလိုက် စုလိုက်တာ ဒီလူ့အတွက်ဆို ဘယ်လောက်ကုန်ကုန်

ခင်ဗျားတို့ရှာထားတာတွေ မပြောကြဘူးလား. . . (ပြောပါတယ်ဘုရား)။

## သူသတ်ယောက်ျားခင်တာ

ဦးမြကြီးခင်ဗျားများ ဝေဒနာဖြစ်မယ်ဆိုရင်ဖြင့် ကုန်ပစေကွ၊ လူမသေငွေမရှားပေါ့ကွ၊ လာမလား၊မလာ မလား. . . (လာမှာပါဘုရား)၊ဘာဖြစ်ကြတာတုံး. . . (ခင်လို့ပါဘုရား)၊ ခင်တာဘယ်သူ့ခင်တာတုံး. . . (ခန္ဓာငါးပါးပါ ဘုရား)သူသတ်ယောက်ျားခင်တာ၊ ရိပ်မိပလား. . . (ရိပ်မိပါ ပြီဘုရား)။

ကျောင်းဟိုဘက်က သုသာန်သွားကြည့်ပါ၊ ဘယ်သူမှ ဓါးထိုးမှုမပါဘဲနဲ့သေတဲ့မသာဟာ မောင်အောင်ချီ ဘယ်လောက်များမယ်ထင်တုံး. . . (များပါတယ်ဘုရား)၊အဲဒါ ဘယ်သူသတ်တာတုံးမေးရင်. . . (ခန္ဓာငါးပါး သတ်တာပါဘုရား)၊ ခန္ဓာငါးပါးထဲက တစ်ပါးပါးသတ်ချလိုက်တာ. . . (တင်ပါ)။

ဝေဒနာကြီးလို့ သေတဲ့ပုဂ္ဂိုလ်ရှိတယ်နော် အစားမှားပြီး၊ အမှတ်မှားသေတဲ့ ပုဂ္ဂိုလ်ကော. . . (ရှိပါတယ်ဘုရား)၊သူ့စိတ်သူမနိုင်လို့ သေတဲ့ပုဂ္ဂိုလ်ကော၊ သူ့စိတ်က သတ်သွားတဲ့လူ ကောမရှိပေဘူးလား. . . (ရှိပါတယ်ဘုရား)။

## သူသတ်ယောက်ျားဖိတ်ခေါ်တာ

အဲဒီတော့ ဩော်. . . ခင်ဗျားတို့ ခန္ဓာငါးပါးဟာ သူသတ်ယောက်ျား ဒီခန္ဓာငါးပါးများ ခင်ဗျားတို့က ဆွမ်းကုန်၊ ကွမ်းကုန်ခံပြီးမှ တောင်းယူတဲ့ ပုဂ္ဂိုလ်များဟာဖြင့် သူသတ်ယောက်ျား ဖိတ်ခေါ်တာပဲ. . . (တင်ပါ)၊ဘယ်နဲ့ဆိုကြ မတုံး. . . (ဖိတ်ခေါ်ပါတယ်ဘုရား)၊သူသတ်ယောက်ျားဖိတ်ခေါ်တဲ့အခိပ္ပာယ်မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

ဖိတ်ခေါ်ပြီးသကာလရောက်လာပြီး၊ ဆုတောင်းက ပြည့်လို့ပဲ၊ ခင်ဗျားတို့ထံ ဦးအောင်ဖေ ထံရောက်လာပြီဆိုတော့ ခင်ဗျားက ယုယမိသလား၊ မယုယမိသလား. . . (ယုယမိပါတယ်ဘုရား)၊ယုယမိတော့အတွင်းသူ၊အတွင်းသား မဖြစ်သေးဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

ဘယ်အချိန်၊ သတ်ဖို့အချိန်ကို ရှာနေဖို့လိုသေးလား၊ သူတို့ခင်တဲ့ပုဂ္ဂိုလ်ကို ကပ်ပြီးသတ်ဖို့သေချာတယ်ဆိုတာတော မရှင်းလင်းသေးဘူးလား. . . (ရှင်းလင်းပါတယ်ဘုရား)၊ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

## တဏှာသတ်ကိုဟောတယ်

ဒါဖြင့် အဲဒီတရားကိုဒကာ ဒကာမတို့ဟောလိုက်တယ် ဆိုတော့ ခန္ဓာမခင်ဖို့ တဏှာသတ်ကို ဟောချလိုက်တယ်. . . (တင်ပါ)၊ ရှင်သာရိပုတ္တရာက ယမကကို ဘာသတ်ဟော

နေတာတုံး. . . (တဏှာသတ်ဟောနေတာပါဘုရား)၊ဒီ၌ပါ
သေးလား. . . (မပါ ပါဘူးဘုရား)။

မင်းရန်သူတွေကွ သူတို့သတ်တာနဲ့ သေရမှာပဲဆိုတော့ သူတရားတွေကို ဖြစ်ပျက်တော့ ရှုတော့ ရှုတာပဲ သို့သော် ဝဓကတော၊ ဝဓကတောဆိုပြီး ဝဓကတော သူသတ် ယောက်ျား အဖြစ် ရှုရမှာကိုဗျ. . . (မှန်ပါ)၊ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

အဲဒီ ကဲ့သို့ အင်း. . . ရူပက္ခန္ဓာကြည့်လိုက်ပြန်လည်း ဖြစ်ပျက်အင်း. . . သူသတ်ယောက်ျားပဲ ဝေဒနာကြည့် လိုက်ပြန်လည်းဖြစ်ပျက်သူလည်း သူသတ်ယောက်ျားပဲ ငါ တစ်နေ့နေ့ ဒီဝေဒနာနဲ့ပဲသေရမှာပဲမဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)၊သညာက္ခန္ဓာလေးကြည့်လိုက်လည်း ဖြစ်ပျက်၊သူက ဘာလုပ်လာတာတုံး. . . (သတ်မလို့ပါဘုရား)။

## ဒီဉာဏ်လာမှ သစ္စာပေါ်သွားတယ်

အင်း. . . စေတနာလေးကြည့်လိုက်လည်းဖြစ်ပျက်သူ ဘာလုပ်လာတာတုံး. . . (သတ်ဖို့လာတာပါဘုရား)၊စိတ်က လေးကြည့်လိုက်ပြန်တော့ ဖြစ်ပျက်ဘာလုပ်မလို့လဲ. . . (သတ်မလို့ပါဘုရား)၊အေး သတ်မလို့ဟာကို ကျုပ်တို့က ယုယရမှာလား၊ မင်းနဲ့ ငါနဲ့ အိုးစားကွဲတာကောင်းတယ်လို့ ဆိုမလား. . . (အိုးစားကွဲကောင်းတယ်လို့ဆိုမှာပါဘုရား)၊အဲဒီ

ဉာဏ်လာမှ သူချုပ်သွားမယ်. . . (တင်ပါ)၊သဘောကျပ လား. . . (ကျပါပြီဘုရား)။

အင်း. . . သူသတ်ယောက်ျားအဖြစ်၊ သူသတ် ယောက်ျား အစစ်ပါလားဆိုတဲ့ ဉာဏ်လာလို့ ရှိရင်ဖြင့် နှိပ်စက် တတ်တဲ့တရားဆိုတဲ့ သစ္စာပေါ်သွားတယ်. . . (ပေါ်ပါတယ် ဘုရား)။

နှိပ်စက်တတ်တာမှ ဟုတ်မှ ဟုတ်ပါရဲ့လား. . . (ဟုတ်ပါတယ်ဘုရား)၊ပြုရင်းစုရင်း ယုယရင်းနဲ့ နှိပ်စက်ခံရ တာ. . . (တင်ပါ)၊ဘယ်လိုဆိုကြမယ်. . . (ပြုရင်းစုရင်း ယုယရင်းနဲ့ နှိပ်စက်ခံရတာပါဘုရား)၊ ပြုရင်းစုရင်းနဲ့ပဲ သူ့လက် ထဲခေါင်းစင်းသေလိုက်ရတယ်. . . (မှန်ပါ)။

## နေပူတယ်ဆိုရင် ထီး၊ ဖိနပ်ဝယ်ပေးရ

သူ့ ပြုလိုက်ရတာလည်း ခင်ဗျားတို့ အားကြရဲ့ လား. . . (မအားပါဘူးဘုရား)၊ ရေချိန်ရေ၊ မိုးချိန်မိုး၊ နေပူ တယ်ဆို ထီးဝယ်ပေး ဖိနပ်ဝယ်ပေး၊ အတော်ကို ချစ်ပစ်လိုက်တာ ကဲ ခင်ဗျားတို့က ချစ်လေလေ သူက အကြံ ပိုင်လေလေပဲ. . . (တင်ပါ)၊ အတွင်းသူ အတွင်းသားအဖြစ်သာပေါင်း ငါသတ် ချင်တဲ့ အချိန်သတ်ဖို့ပဲ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ် ဘုရား)။

အဲတော့သူသတ်လို့ သေတဲ့ မသာပေါင်း ကျုပ်တို့ဘယ်

လောက်များခဲ့ပြီလဲ. . . (မရေမတွက်နိုင်ပါဘူးဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## အထက်မဂ်လိုချင်ရင်တဏှာသတ်

အဲဒီကဲ့သို့ ခန္ဓာကြီးကို ဖြစ်ပျက်တွေရှုတဲ့အခါ၊ အထက်မဂ်တွေတက်ချင်ကြလို့ရှိရင် သူသတ်ယောက်ျား အဖြစ်နဲ့ ရှုပါတဲ့၊ တဏှာသတ်ကို ဟောတာတဲ့. . . (တင်ပါ)၊ သဘောပါပလား. . . (ပါ ပါပြီဘုရား)၊ ဘာဟောပါလိမ့်. . . (တဏှာသတ်ကို ဟောတာပါဘုရား)။

## ယမကာ၊ ရဟန္တာဖြစ်တယ်

အဲ. . . တဏှာသတ်ဟောလိုက်တဲ့အခါကျတော့မှ သူသည် ဩော်. . . တယ်စက်ဆုပ်စရာကောင်းပါလား၊ အလွန်နှိပ်စက်တဲ့တရားကြီးပါလား။ တစ်သတ်တည်းသတ် နေတဲ့တရားကြီးပါလားဆိုပြီး၊ ဒါတွေရှုပြီး ဖြစ်ပျက်တာတွေမြင်ပြီးသကာလ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာကျအောင်၊ သောတာပန်တည်ပြီးသားမို့ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ၊ တဏှာသတ်နဲ့ ဟောချလိုက်တော့မှ ရဟန္တာဖြစ်တယ်။ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

## အောက်မဂ်လိုချင်ရင် ဒိဋ္ဌိသတ်ရမယ်

ဒါဖြင့် ဒကာ၊ ဒကာမတို့ အောက်မဂ်လိုချင်ရင် ဘာသတ်ရမယ်. . . (ဒိဋ္ဌိသတ်ရမှာပါဘုရား)၊အထက်မဂ် လိုချင်ရင်. . . (တဏှာသတ်ရမှာပါဘုရား)၊ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)၊ ဒါဖြင့် တစ်တန်းတည်း ဝိပဿနာပေးနေ တယ်လို့ မှတ်ပါ. . . (တင်ပါ)။

ကဲ ဒီနေ့ ဒီတွင် တော်ပါဦးစို့. . .

သာဓု. . . သာဓု. . . သာဓု. . . ပါဘုရား။